ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (17-2-2005)(၄၅၁၂)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ အမျိုးသားညီလာခံကျင်းပမည့် ညောင်နှစ်ပင် စခန်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ ညနေပိုင်းတွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းအတွင်း၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ညနေ ၄နာရီ မိနစ် ၅၀တွင် အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်း အတွင်းရှိ ဝန်ထမ်းများစားရိပ်သာ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အိပ်ဆောင်များ၊ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအရောင်းဆိုင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်၊ မောင်ချစ်စတိုး အပ်ချုပ်ဆိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန် စာအုပ်အငှားဆိုင်၊ Mon Mon's Beauty Saloon၊ မြန်မာမျက်မှန်လုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးစခန်းအမှတ်(၁)၊ ဖျော်ဖြေရေး အစီအစဉ်များ တင်ဆက်ဖျော်ဖြေမည့် ကဇာတ်ရုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန စားသောက်ကုန် အရောင်းဆိုင်၊ ကောင်းစံအိမ်ဒိုဘီလုပ်ငန်း၊ ပဒေသာ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းအတွင်း ဝန်ထမ်းများ စားရိပ်သာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* ***မအူပင်စက္ကူစက်ရုံသည် ဂုန်လျှော်အပင်လိုက်ကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ စက္ကူထုတ်လုပ်သော စက်ရုံဖြစ်သည်။ ဒေသခံဂုန်လျှော်တောင်သူများအနေဖြင့် စက်ရုံ၏ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် ဂုန်လျှော်ကို အပင်လိုက် ရိတ်သိမ်းရောင်းချနိုင်သည့် အခွင့်အလမ်း ရရှိလာပြီဖြစ်သည်။***

(ခေါင်းကြီး) စာမျက်နှာ(၂)

* ***ယနေ့ကာလတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးသည် မကြုံစဖူးသော အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အခြေခံ၍ အနာဂတ်နိုင်ငံတော်သစ်အတွက် ခိုင်မာသောဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။***

ခြင်ကျား(မအူပင်)၏ **"ပြည်ထောင်စု၏ အမြုတေ"**

(ဆောင်းပါး) စာမျက်နှာ(၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၂-၂၀၀၅
(ကြာသပတေးနေ့)

နိုင်ငံတော်နှင့်တောင်သူများအကျိုးစီးပွားရေးရှု ဂုန်လျှော်တစ်ပင်လုံးအသုံးပြုစက္ကူစက်ရုံဖွင့်လှစ်

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးဦးတည်ချက်(၄)ရပ်တွင် **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး** ဟူသော အချက်တစ်ချက်ပါရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးအတွက် ဘက်စုံကဏ္ဍစုံက စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင်စက္ကူစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၉ ရက်နေ့က အဆိုပါ စက္ကူစက်ရုံရှေ့၌ ကျင်းပခဲ့သည်။

မအူပင်စက္ကူစက်ရုံသည် ဂုန်လျှော်အပင်လိုက်ကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ စက္ကူထုတ်လုပ်သော စက်ရုံဖြစ်သည်။ ဒေသခံ ဂုန်လျှော်တောင်သူများအနေဖြင့် ယခင်က ဂုန်လျှော်ကို ရိတ်သိမ်းပြီး သမားရိုးကျ ရေစိမ်လျှော်ခွာပြီး ရောင်းချရသည့် နည်းလမ်းတစ်ခုသာရှိခဲ့ရာမှ ယခုအခါ စက်ရုံ၏ ကုန်ကြမ်းလိုအပ်ချက်ဖြစ်သည့် ဂုန်လျှော်ကို အပင်လိုက် ရိတ်သိမ်းရောင်းချနိုင်သည့် အခွင့်အလမ်း ရရှိလာပြီဖြစ်သည်။

ယခင်က ဂုန်လျှော်ကို ဂုန်နီအိတ်၊ ဂုန်နီကြိုး၊ ဂုန်လျှော်ဖျင်စသည့် ထုပ်ပိုးပစ္စည်းများ ထုတ်လုပ်ရာတွင်သာ ကုန်ကြမ်းအဖြစ် အသုံးပြုခဲ့ကြသည်။ ယခုအခါ အဆိုပါစက္ကူစက်ရုံအနေဖြင့် သစ်ပင်၊ ဝါးပင်များအစား ဂုန်လျှော်တစ်ပင်လုံးကို ကုန်ကြမ်းအဖြစ်သုံး၍ တန်ဖိုးမြင့်ထုတ်ကုန်စက္ကူချောများ ထုတ်လုပ်လာနိုင်သဖြင့် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်မည့်အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုလည်း များစွာ အထောက်အကူပြုလာနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ လယ်ယာထွက်ကုန်သုံး အခြေခံစက်မှုလုပ်ငန်းတစ်ရပ် ပေါ်ထွန်းလာသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့်အတူ စက္ကူထုတ်လုပ်သည့် နည်းပညာများပါ တိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။

စက္ကူစက်ရုံ တည်ရှိရာဒေသမှာ ဂုန်လျှော်အများဆုံးထွက်ရှိရာ ဧရာဝတီတိုင်း မအူပင်မြို့နယ်အတွင်းဖြစ်၍ ကုန်ကြမ်းပစ္စည်းများ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။ စက်ရုံဝန်ထမ်းများအနေဖြင့် စက်ရုံပုံမှန်လည်ပတ်ထုတ်လုပ် နိုင်ရေးအတွက် စနစ်တကျ ထိန်းသိမ်းကိုင်တွယ် လုပ်ကိုင်သွားကြရန် လိုအပ်မည်ဖြစ်သည်။

မအူပင်စက္ကူစက်ရုံမှ တစ်ရက်လျှင် စက္ကူမြက်ထရစ်တန် ၁၇ တန်၊ တစ်လလျှင် ၄၅၅ တန်၊ တစ်နှစ်လျှင်တန် ၅၀၀၀ ထုတ်လုပ် နိုင်စွမ်းရှိရာ စာရေးစက္ကူတန် ၂၅၀၀ နှင့် အော့ဖ်ဆက်စက္ကူတန် ၂၅၀၀ တို့ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ မအူပင် စက္ကူစက်ရုံအနေဖြင့် တစ်နှစ်လျှင် ဂုန်လျှော်ပင် ကုန်ကြမ်းပိဿာချိန်သိန်း ၉၀ လိုအပ်မည်ဖြစ်ရာ တောင်သူ လယ်သမားများအနေဖြင့် နှစ်အလိုက် ဂုန်လျှော်စိုက်ဧကများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး အားသွန်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးကို ရှေးရှု၍ ပေါ်ထွန်းလာသော စက္ကူစက်ရုံထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေး ပိုမိုကောင်းမွန်သော စက္ကူများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးတို့အတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဂုန်လျှော်စိုက် တောင်သူလယ်သမားများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား

စည်းလုံးခြင်းသည်အင်အား

“တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့် မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့”

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်သန့်ရှင်းသပ်ရပ်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်အဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ပွဲရုံအနီးရှိ ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် စက်ယန္တရားကြီးများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ပွဲရုံအနီးရှိ ယင်းမာလမ်းနှင့် ဘုရင့်နောင်လမ်းမကြီး လမ်းဆုံသို့ ရောက်ရှိလာပြီး ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် စက်ယန္တရားကြီးများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အရှည်ပေ ၁၁၈၀ ၊ အကျယ်ပေ ၂၀ ရှိ ဆေးဝါးစက်ရုံလမ်းကို စက်ယန္တရားများဖြင့် ကျောက်ချောကတ္တရာလမ်းခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ အလုံမြို့နယ် ကမ်းနားလမ်း အိုလံပစ်တာဝါရှေ့၌ ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံ၌ မဟာဗန္ဓုလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ အဆင့်မီမြို့တော်ကြီး ဖြစ်လာစေရေးအတွက် လမ်းများအဆင့်မြှင့်တင်ခင်းကျင်းခြင်း၊ လူသွားစင်္ကြံများ ကွန်ကရစ် ကျောက်ပြားခင်းကျင်းခြင်းလုပ်ငန်းများနှင့် မြေယာအလှပြုပြင်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး၊ စက်ယန္တရားများ အစဉ်ကြံ့ခိုင်မှုရှိစေရေးနှင့် အလေအလွင့်မရှိစေရေး၊ စနစ်တကျထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် ရေရှည်တည်တံ့အောင် ပြည်သူလူထုပါဝိုင်းဝန်းကူညီဆောင်ရွက်ရေးမှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ဝေနေယျသုခ ရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာစောင်အတွက် စာမူများပေးပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်းသည် ၁၃၆၇ ခုနှစ် ကဆုန်လပြည့်နေ့တွင် နှစ်(၁၀၀) ပြည့်မည်ဖြစ်သည်။ ယင်းနှစ် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်စာစောင်ကို ဓာတ်ပုံများ၊ ဝတ္ထုများ၊ ဆောင်းပါးများ၊ ကဗျာများနှင့် မှတ်တမ်းမှတ်ရာများကို ခမ်းခမ်းနားနား ဝေဝေဆာဆာဖြင့် ထုတ်ဝေမည်ဖြစ်ရာ အသင်းနှင့်စပ်ဆိုင်သော ရှားပါးဓာတ်ပုံများ၊ ဝတ္ထုပစ္စည်းများ၊ စာရွက်စာတမ်းများကို စုဆောင်းလျက်ရှိသည်။

ရေချမ်းစင်နှင့်ရေအလှူ၊ ဆုမတောင်းဘဲပြည့်သော ရေအကျိုး ၁၀ ပါးနှင့် စပ်လျဉ်း၍ ရေကုသိုလ်ဆိုင်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို ဧပြီ ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ကြသည်။ ပေးပို့ရန်လိပ်စာမှာ ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်း ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ သောကြာထောင့်၊ မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခ ဓမ္မာရုံ၊ ဖုန်း–၃၈၁၇၃၆၊ ၃၈၃၅၁၁ လိုင်းခွဲ ၁၇ ၁ တို့သို့ ဆက် သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ (က–ပ)

● **ရှေ့ဖုံးမှ**

စားသောက်ဆိုင်၊ ဝင်းသူဇာစားသောက်ဆိုင်၊ T.M Store၊ လပ်ကီးဝမ်း စားသောက်ဆိုင်၊ ဆံသဆိုင်၊ အားကစားခန်းမနှင့် ညောင်နှစ်ပင် တိုက်နယ်ဆေးရုံ တို့၌ အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် စားသောက်ရေး၊ ဖျော်ဖြေရေး၊ သက်သာချောင်ချိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝိုင်းဝန်းစုပေါင်းဆောင်ရွက်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယင်းသို့ လိုက်လံစစ်ဆေးစဉ် အမျိုးသား ညီလာခံကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ ညီလာခံကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ကျန်းမာရေးကို ဂရုပြုကြရေး၊ အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးရေးတို့အတွက် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းအတွင်း အစိုးရ ဝန်ထမ်းပေါင်းစုံ သမဝါယမအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တတိယအကြိမ် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီတွင် မန္တလေးမြို့ ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက် အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးက တတိယ အကြိမ် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သည်။

ထို့နောက် တိုင်းမှူးသည် မန္တလေး တိုင်းအတွင်းရှိ မြို့နယ် ၃၁ မြို့နယ် တို့မှ ပြိုင်ပွဲ ၁၇မျိုးတွင် ပါဝင်ယှဉ်ပြိုင် ကြသည့် ဟင်းသီးဟင်းရွက်၊ သစ်သီး ဝလံ ပန်းမန်များနှင့် ဌာနဆိုင်ရာပြခန်း များကို လှည့်လည်ကြည့်ရှု အားပေး သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကား ပြော ကြားပြီး ပြိုင်ပွဲကျင်းပခြင်းနှင့် ဆုရရှိမှု အခြေအနေများကို မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးအောင်ကြိုင်က ရှင်းလင်းတင်ပြ သည်။

ထို့နောက် ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိ ကြသူများနှင့် အထူးဆု ရရှိကြသူ များအား ဆုချီးမြှင့်ရေးဆပ်ကော်မတီ နာယကတိုင်းမှူး၏ ဇနီးဒေါ်မြတ်ငွေ နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့် ကြသည်။

ဆက်လက်၍ တံခွန်စိုက်ဆုဖလား ရရှိသော ဦးမြတ်ကျော်သူ (မြနန္ဒာ ပျိုးဥယျာဉ်)အား တိုင်းမှူးက တံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်ပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ညှော်ခံဖျော်ဖြေ

ပြိုင်ပွဲတွင် ပန်းမန်ပြိုင်ပွဲ ၁၀မျိုး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ပြိုင်ပွဲ ခုနစ်မျိုး စုစုပေါင်း ပြိုင်ပွဲ ၁၇မျိုး ယှဉ်ပြိုင်ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲတွင် ဌာနဆိုင်ရာပြခန်းခုနစ်ခန်း၊ ပန်းပျိုးပင် အရောင်းဆိုင်ခန်း ၃၄ခန်း နှင့် စိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းများ အရောင်းဆိုင်တို့ကို ဖေဖော် ဝါရီ ၂၆ရက်အထိ ခင်းကျင်းပြသထား မည်ဖြစ်ပြီး ပြပွဲလာပြည်သူများအား နေ့စဉ်ည ၇ နာရီမှ ည ၁၀ နာရီအထိ တေးဂီတ အစီအစဉ်များဖြင့် ညှော်ခံ ဖျော်ဖြေမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား လှိုင်လင်ခရိုင် ပင်လုံမြို့ ကျောက်တိုင်ကွင်း၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီတွင် လှိုင်လင်ခရိုင် ပင်လုံမြို့ ပင်လုံကျောက်တိုင်ကွင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်က ဖတ်ကြားသည်။ ယင်းနောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အဆင့်မြင့်တန်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် လေးဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ပင်လုံတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်တို့က ဆုများချီးမြှင့်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် နံနက် ၈နာရီတွင် ပင်လုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်း ဖွင့်ပွဲကို ကျင်းပရာ လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်၊ ပင်လုံတပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီး ခင်မောင်မြင့်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေတို့က ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဦးအုန်းကြည် တက္ကသိုလ် ဝင်တန်းစာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မဖြူနှင်းဦးအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)



ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၂၈၇၀)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

သတင်းအချက်အလက်စနစ် ဝန်ဆောင်မှုကုမ္ပဏီများ အိန္ဒိယနိုင်ငံတွင် တိုးတက်လာမည်ဟု မျှော်လင့်ရ

နယူးဒေလီ ဖေဖော်ဝါရီ ၁၅

အိန္ဒိယ သတင်းအချက်အလက်နည်းပညာ(အိုင်တီ)ကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်ရန် တာစူလျက်ရှိကြောင်း၊ အကြောင်းမှာ ကမ္ဘာတစ်ဝန်းရှိ ကော်ပိုရေးရှင်းကြီးများက ၎င်းတို့၏ သတင်းအချက်အလက်နှင့် နည်းပညာ မူပိုင်သုတေသနလုပ်ငန်းများကို ပင်လယ်ရပ်ခြားနိုင်ငံများတွင် တိုးချဲ့ဆောင်ရွက်ရန် စိတ်ဝင်စားလျက်ရှိသောကြောင့်ဖြစ်ကြောင်း အင်ဒိုအေးရှင်းသတင်းဌာနက တနင်္လာနေ့တွင် ရေးသားဖော်ပြသည်။

လေ့လာ

အိန္ဒိယနိုင်ငံ၏ အိုင်တီလုပ်ငန်းနယ်ပယ်တွင် မျိုးဆက်သစ်ပမာ ပေါ်ထွန်းလာနေသော သတင်းအချက်အလက်စနစ် ဝန်ဆောင်မှုကုမ္ပဏီများသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးရှိ ကုမ္ပဏီများအတွက် နည်းပညာဆိုင်ရာ သုတေသနနှင့် လေ့လာဆန်းစစ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ပေးလျက်ရှိသည်။

အဆိုပါ ကုမ္ပဏီများသည် အခြေခံသတင်းအချက်အလက် သုတေသန၊ ကွန်ပျူတာစနစ်သုံး စီမံခန့်ခွဲရေးစနစ်၊ ဈေးကွက်သုတေသန၊ အရည်အသွေးသုတေသန၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဒီဇိုင်းပုံစံထုတ်လုပ်ခြင်း၊ ကွန်ပျူတာဖြင့် ရုပ်ပုံများ ဖန်တီးခြင်း၊ ဆေးဝါးသုတေသန၊ ပညာရေးနှင့် စာအုပ်ထုတ်ဝေရေးဆိုင်ရာ ကွန်ပျူတာကွန်ရက်များ တည်ဆောက်ခြင်းစသည့် ဝန်ဆောင်မှုများကို ပေးနိုင်သည်။

မျှော်လင့်

ဆေးဝါးထုတ်လုပ်ခြင်း၊ ဇီဝနည်းပညာ၊ ဥပဒေရေးရာ အထောက်အကူပေးခြင်း၊ နည်းပညာမူပိုင်အတွက် သုတေသနပြုလုပ်ခြင်း၊ မော်တော်ယာဉ်နှင့် လေယာဉ်ထုတ်လုပ်ရေးဆိုင်ရာ သုတေသနပြုလုပ်ခြင်းစသည့် လုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံရှိ သတင်းအချက်အလက်စနစ် ဝန်ဆောင်မှုကုမ္ပဏီများက လုပ်ကိုင်ပေးမှု တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်း အမျိုးသားကွန်ပျူတာဆော့ဖ်ဝဲနှင့် ဝန်ဆောင်မှုကုမ္ပဏီများအသင်းက ပြောကြားသည်။

ပြောကြား

သတင်းအချက်အလက်စနစ်ဝန်ဆောင်မှုကုမ္ပဏီများ၏ ဈေးကွက်မှာ ကြီးမားကျယ်ပြန့်လာပြီး ဆက်လက်တိုးတက်ရန်ရှိကြောင်း အဆိုပါ အသင်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဒူရာ ရေနံချက်စက်ရုံ

ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် ရေနံစိမ်းရရှိရေး အခက်အခဲတွေ့နေသော ဘဂ္ဂဒက်မြို့တောင်ဘက် ဒူရာရေနံချက်စက်ရုံကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ပိုင်း ကားဗုံးပေါက်ကွဲ လူတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အီရတ်နိုင်ငံ ဟီလာမြို့နှင့် ဘာသာရေး မြို့တော် ကာဘာလာမြို့ကြားရှိ လမ်းမပေါ် အီရတ်လုံခြုံရေး စစ်ဆေးရေး ဂိတ်အနီးတွင် တနင်္ဂနွေနေ့က ကားဗုံး ပေါက်ကွဲရာ အီရတ်နိုင်ငံသားတစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ဖော်ပြသည်။

ဘာသာရေးမြို့တော် ကာဘာလာသို့ ဘုရားဖူးသွားရောက်ကြသည့် သောင်းချီရှိသော ရှီးယိုက်မွတ်စလင်များဖြင့် စည်ကားနေသည့် အထင်ကရ လမ်းမကြီးပေါ်တွင် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပျက်စီးနေသော ကားတစ်စီး

မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့နှင့် ပြောက်ကျားများ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ကားတစ်စီးကို ဖေဖော်ဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သမိုင်းဝင်ရှေးဟောင်း ပစ္စည်းပြပွဲ ဟောင်ကောင်တွင် ကျင်းပမည်

ဟောင်ကောင် ဖေဖော်ဝါရီ ၁၅

ဟောင်ကောင်ဒေါ်လာ နှစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၅၆သန်း)တန်ဖိုးရှိ တရုတ်ပြည်မှ ရှေးဟောင်းပစ္စည်း အမယ်ပေါင်း ၃၀၀ ကျော်ကို လာမည့်လတွင် ဟောင်ကောင်၌ ခင်းကျင်းပြသမည်ဖြစ်ကြောင်း မီဒီယာသတင်းဌာနများက တနင်္လာနေ့တွင် ဖော်ပြသည်။

ယင်းပစ္စည်းများကို မတ် ၁၂ရက်နှင့် ဇွန် ၁၀ရက်အကြား ပြသရန်စီစဉ်ထားကြောင်း ဆောက်ချိုင်းနားမောနင်းပို့စ် သတင်းစာက ဖော်ပြသည်။

ပြသ

ပြပွဲကို အရှေ့ဟန်ခေတ်မှသည် ထန်ခေတ်ဆီသို့ဟု ခေါ်ဆိုကြသည်။ ပြပွဲတွင် ဟန်မင်းဆက် (၂၀၆ ဘီစီ-၂၂၀အေဒီ)ကျဆုံးခြင်း၊ ဗီအမ်ပေ လူမျိုးစုများဝင်ရောက်လာခြင်း၊ ပိုးလမ်းမကြီးအကြောင်း သိကောင်းစရာများနှင့် ထန်မင်းဆက် (၆၁၈-၉၀၇) ပြန်လည်ပေါင်းစည်းမိခြင်းတို့အကြောင်း ပြသထားမည်ဖြစ်သည်။

ပစ္စည်းအများစုမှာ တရုတ်နိုင်ငံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဌာနက ပြည်နယ် ၁၄ခုရှိ ပြတိုက် ၄၆ခုမှ စုဆောင်းရယူထားခြင်းဖြစ်ပြီး မကြာမီက တူးဖော်ရရှိထားသော ရှေးဟောင်းပစ္စည်းများဖြစ်သည်။

ပြပွဲတွင်ပြသထားမည့် ပစ္စည်းအများ၏ ၇၀ရာခိုင်နှုန်းမှာ အဆင့်မြင့်တန်းဝင်ရတနာ များဖြစ်ကြောင်း ဟောင်ကောင်ယဉ်ကျေးမှုပြတိုက် ပြတိုက်မှူးချုပ်တွမ်မင်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် သေဆုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က သေဆုံးခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

အန္တရာယ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦးသည် ဘဂ္ဂဒက်မြို့တော်မှ ကီလိုမီတာ ၈၀ ခန့်ရှိ ဘာလက်မြို့အနီး တနင်္ဂနွေနေ့ နံနက်စောစောပိုင်းက ကင်းလှည့်စဉ် သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

ဖော်ပြပါ အမေရိကန်စစ်ဘက်မှ ယာဉ်တစ်စီးတူးမြောင်းအတွင်း လိမ့်ကျသွားရာ အဆိုပါတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ကြခြင်းဖြစ်သည်။

တနင်္ဂနွေနေ့ မွန်းလွဲပိုင်းကလည်း ဆမ်မာရာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ဖော်ပြ

အန္တရာယ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး ဆမ်မရာမြို့ရှိ အပေါင်းပါတပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်းတွင် တိုက်ရိုက်မဟုတ်သည့် ပစ်ခတ်မှုကြောင့် တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ကသီးခြားထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။ သို့ရာတွင် အသေးစိတ် ဖော်ပြခြင်းမရှိပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မြောက်ပိုင်းရှိ ရေနံပိုက်လိုင်းများအား တိုက်ခိုက်ရေးသမားများက ပစ်မှတ်ထားတိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၅

လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် သုံးဦးတို့ သေဆုံးခဲ့ကြောင်း၊ ပြောက်ကျားများက ကယ်ကွတ်မြို့အနီးရှိ ရေနံပိုက်လိုင်းတစ်ခုအား ဖောက်ခွဲခဲ့ရာ အထက်တန်း ရဲအရာရှိနှစ်ဦး ဘဂ္ဂဒက်မြို့တွင် သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။ နိုင်ငံရေးခေါင်းဆောင်များက အစိုးရသစ်အတွင်းရှိ ၎င်းတို့၏ ရာထူးများကို အကဲဖြတ်သုံးသပ်နေကြသည်။

အမေရိကန်တပ်ဖွဲ့က အီရတ်မြောက်ပိုင်းဒေသတွင် ကင်းလှည့်နေရာ အနီးအပါးတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးပြီး အခြားသုံးဦး တနင်္လာနေ့က ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်။ လွတ်မြောက်ရေးအထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဘာကူဘာမြို့အနီး ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်စစ်ပွဲ ၂၀၀၃ ခုနှစ် မတ်လတွင် စတင်ဖြစ်ပွားခဲ့သည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် ၁၄၆၁ ဦးထက်မနည်းအီရတ်နိုင်ငံတွင် သေဆုံးခဲ့ပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့၏ မော်တော်ယာဉ်တန်း ဖြတ်သန်းလာစဉ် ဘာကူဘာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးကြောင်း ဒိုင်ယာလာရဲဌာနမှ အယ်လ်ဂျူဘူရီက ပြောကြားသည်။ အခြားတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ကယ်ကွယ်မြို့အနီးရှိ ပြောက်ကျားများက မြောက်ရေနံ ကုမ္ပဏီပိုင်ဆိုင်သည့် အယ်လ်ဒစ်ဘစ်စ်ရေနံ မြေအားတိုက်ခိုက်ကြောင်း၊ ယင်းရေနံမြေမှ ပိုက်လိုင်းက ပြည်တွင်းရေနံ အသုံးပြုရန် ဖြည့်ဆည်းပေးသည့် ပိုက်လိုင်းဖြစ်ပြီး ပျက်စီးမှုကြောင့် ထုတ်လုပ်မှုအား အဟန့်အတားဖြစ်စေနိုင်ကြောင်း ဗိုလ်ချုပ်မိုဟာမက်အမင်က ပြောကြားသည်။

ရေနံပိုက်လိုင်း မီးငြိမ်းသတ်ရန် အနည်းဆုံး သုံးရက်ကြာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

ဘင်္ဂလားဒေ့ရှ်တွင် ရေနက်ဆိပ်ကမ်း တည်ဆောက်ရန်စီစဉ်

ဒါကာ ဖေဖော်ဝါရီ ၁၅

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ရေနက်ဆိပ်ကမ်း တည်ဆောက်ရာတွင် စီးပွားရေးအရ ဖြစ်နိုင်ခြေရှိမရှိကို သိရှိရန် လေ့လာတိုင်းတာပေးမည့် အတိုင်ပင်ခံပုဂ္ဂိုလ်များလိုအပ်သည့်အတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ထိုရေနက်ဆိပ်ကမ်းသည် ဘင်္ဂလားဒေ့ရှ် ပြည်တွင်းအတွက်သာမက ဒေသတွင်းရှိ အခြားတိုင်းပြည်များအတွက်ပါ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး မြှင့်တင်ရာ၌ အချက်အချာဆိပ်ကမ်းတစ်ခုဖြစ်လာရန် ရည်ရွယ်ကြောင်း ဆိပ်ကမ်းဝန်ကြီး အက်ဘာဟိုစိန်၏ ပြောကြားချက်ကို ဖိုင်နယ်ရှယ်အိတ်စပရက် သတင်းစာက ကိုးကားဖော်ပြခဲ့သည်။

ဆိပ်ကမ်းတည်ဆောက်ရာတွင် တာကာ ဘီလီယံ ၅၀ (အမေရိကန်ဒေါ်လာ ၈၃၃သန်း)ကုန်ကျမည် ဖြစ်သည်။ ပြည်ပအကူအညီမပါဘဲ ပြည်တွင်းဈေးကွက်များမှ ငွေကြေးရယူစုဆောင်းပြီး အဆိုပါဆိပ်ကမ်းကို တည်ဆောက်မည်ဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရန်အစိုးရက အမေရိကန်အစိုးရအား မီးနှင့်ကစားခြင်းမပြုရန် သတိပေး

တီဟီရန် ဖေဖော်ဝါရီ ၁၅

အမေရိကန်အစိုးရအနေဖြင့် အီရန်နိုင်ငံမှ နျူကလီးယား အဆောက်အအုံများအား တိုက်ခိုက်မှုမပြုရန် အီရန်အစိုးရက တနင်္ဂနွေနေ့က သတိပေးလိုက်ပြီး အဏုမြူလက်နက်များ ထုတ်လုပ်မည့် ရည်ရွယ်ချက်များဆိုင်ရာ အငြင်းပွားမှုပြဿနာအား လျှော့ပေါ့စေရန် သဘောတူညီချက်တစ်ရပ်ကို ဥရောပနိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးမှုက ဆောင်ကြဉ်းပေးနိုင်ဖွယ်ရှိကြောင်းကိုလည်း ပြောကြားလိုက်သည်။

၎င်းတို့က မိမိတို့၏ စွမ်းပကားများကို သိရှိကြကြောင်း၊ အမေရိကန်များ မီးနှင့်မကစားကြရန် မိမိတို့က ဥရောပဒေသမှ ပြည်သူလူထုအား ပြတ်ပြတ်သားသားပြောကြားခဲ့ပြီး ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရီဇာအဆက်ဖီက ပြောကြားသည်။

စွပ်စွဲထား

အမေရိကန်အစိုးရက အီရန်အစိုးရအား ဖိအားပေးနေလင့်ကစား အီရန်အစိုးရအနေဖြင့်နျူကလီးယား စွမ်းအင်အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း ၎င်းက ပြောကြားသည်။ အမေရိကန်အစိုးရက အီရန်အစိုးရသည် အဏုမြူလက်နက် ထုတ်လုပ်သည့်မူဝါဒကို ချမှတ်ဖော်ဆောင်နေကြောင်း စွပ်စွဲထားပြီး ယင်းအစီအစဉ် ရပ်တန့်ကမရပ်ပါက စိတ်ကြိုက်ရွေးချယ်မည့် အစီအစဉ် ပြုလုပ်မည်ကို ပယ်ချ ခြင်းမပြုဟု ပြောကြားခဲ့သည်။

အစားထိုးမှုမပြု

မိမိတို့အနေဖြင့် မည်သည့်အခြေအနေသို့ ရောက်ရှိစေကာမူ မိမိတို့ ပြုလုပ်နေသည့် နျူကလီးယား ဓာတ်ပေါင်းဖိုအစီအစဉ်အား အစားထိုးမှုမပြုလုပ်ဘဲ အဆိုပါ ဓာတ်ပေါင်းဖို ဆက်လက်ဆောက်လုပ်မည် ဖြစ်ကြောင်း အဆက်ဖီက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ရည်ညွှန်းပြောကြား

ဥရောပဒေသမှ ပုဂ္ဂိုလ်များနှင့် သဘောတူညီချက်တစ်ရပ် ပြုလုပ်လျက်ရှိနေကြောင်းဖြင့် အဆက်ဖီက အီရန်ဥရောပသမဂ္ဂ နောက်ဆုံးအကြိမ် ဆွေးနွေးပွဲအား ရည်ညွှန်းပြောကြားပြီး ယင်းသဘောတူညီချက်အား လေးလေးနက်နက် ပိုမိုဖြစ်စေကာ လုပ်ငန်းသဘော ပိုမိုသက်ရောက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဏ်လုပ်ငန်း

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဘဏ် လုပ်ငန်းကြီးများကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂရိနိုင်ငံတွင် ရေခဲတောင်ပြိုကျမှုဖြစ်ပွား တောင်တက်သမားငါးဦးသေဆုံး

အေသင် ဖေဖော်ဝါရီ ၁၅

ဂရိနိုင်ငံတောင်ပိုင်းရှိ ပယ်လိုပွန်နီးစ်တောင်တန်းတွင် တနင်္လာနေ့က ရေခဲတောင်ပြိုကျမှု ဖြစ်ပွားခဲ့ရာ ဗြိတိသျှ သတင်းထောက်တစ်ဦးနှင့် ဂရိလူမျိုး တောင်တက်သမားလေးဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အေသင်မြို့အခြေစိုက်သတင်းထောက် ဒိုင်နာဆယ်လီနှင့် အခြားသော တောင်တက်သမားများ ဖြစ်သည့် ၂၈ ဦးပါဝင်သော တောင်တက်အဖွဲ့တစ်ဖွဲ့သည် မီနာလော့စ်တောင်ပေါ်သို့ ရောက်ရှိနေစဉ် ရေခဲတောင်ပြိုကျသည့်ဖြစ်ရပ်နှင့် တွေ့ကြုံခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် တောင်တက်သမားငါးဦး သေဆုံးခဲ့ရကြောင်း၊ တောင်တက်သမား ၂၃ ဦးမှာမူ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့သော်လည်း ဆီးနှင်းများသည် ထန်စွာ ကျရောက်နေခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရသည်။ အဆိုပါ ကယ်ဆယ်ရေးလုပ်ငန်းတွင် ရဟတ်ယာဉ်တစ်စင်း၊ မီးသတ်ရဲဘော် ၅၀၊ စစ်သည်များနှင့် ရဲတပ်ဖွဲ့ဝင်များ အပြင် လေ့ကျင့်သင်ကြားပေးထားသောခွေးများ ပါဝင်သည်။

သေဆုံးသွားသော သတင်းထောက် ဆယ်လီသည် ဂရိနိုင်ငံတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာအတွက် လုပ်ကိုင်နေသူဖြစ်သည်။ တောင်တက်သမားများသည် အေသင်မြို့ရှိ ဂရိခြေလျင် တောင်တက်အသင်းမှ အဖွဲ့ဝင်များ ဖြစ်ကြပြီး ယင်းတောင်ပေါ်သို့ တက်ရောက်ရန် တနင်္ဂနွေနေ့က ထွက်ခွာသွားခဲ့ကြကြောင်း၊ ၎င်းတို့သည် ပေ ၄၈၂၀ အမြင့်ရှိ တောင်ထွတ်ပေါ်တွင်ရှိနေစဉ် သို့မဟုတ် တောင်ပေါ်မှ ပြန်လည်ဆင်းသက်လာစဉ် ရေခဲတောင်ပြိုကျမှုအတွင်း ပိတ်မိနေခဲ့သည်ဟု ယူဆရကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

အမေရိကန်က တိုက်လေယာဉ် အစိတ်အပိုင်းများ ပေးပို့မှု ကြန့်ကြာနေကြောင်း ဗင်နီဇွဲလားပြောကြား

ကာရကတ်စ် (ဗင်နီဇွဲလား) ဖေဖော်ဝါရီ ၁၅

အမေရိကန်အစိုးရသည် မိမိနိုင်ငံက မှာယူသည့် အက်ဖ်-၁၆ တိုက်လေယာဉ်များ၏အစိတ်အပိုင်း အပိုပစ္စည်းများကို တင်ပို့ရာတွင် နှောင့်နှေးစေရန် ပြုလုပ်လျက်ရှိကြောင်း ဗင်နီဇွဲလားသမ္မတ ဟူရီးရှာဗက်ဇ်က တနင်္ဂနွေနေ့က စွပ်စွဲပြောကြားလိုက်ပြီး အခြားနိုင်ငံများမှ လက်နက်နှင့်စစ်ဘက်ဆိုင်ရာပစ္စည်းများ မှာယူရန်အားထားနေရကြောင်း ပြောကြားသည်။

ယင်းသို့သော စွပ်စွဲပြောကြားချက်များသည်သမ္မတရှာဗက်ဇ်ကအမေရိကန်အစိုးရအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်ပြောကြား လာခြင်းပင်ဖြစ်သည်။ အမေရိကန်နှင့် ဗင်နီဇွဲလား အစိုးရ၏ အုပ်ချုပ်မှုနှင့် စပ်လျဉ်း၍ မကြာခဏ အငြင်းပွားမှုများဖြစ်ပွားခဲ့ကြသည်။

ရှာဗက်ဇ်သည် အရင်းရှင်စနစ်ဆန့်ကျင်သည့် သဘောထားရှိပြီး ကျူးဘားခေါင်းဆောင်ကက်စထရိုနှင့် ရင်းရင်းနှီးနှီး ဆက်ဆံမှုရှိသူဖြစ်သည်။ ဗင်နီဇွဲလားအစိုးရက အမေရိကန်လုပ် လေယာဉ်အုပ်စု ဆက်လက်ထားရှိ ရန် အခြေအနေများကိုလက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

ပေါ်ထွက်လာ

ရှာဗက်ဇ်က ဘရာဇီးခေါင်းဆောင် လူလာဒါဆီလ်ဗာနှင့် ဘရာဇီးနိုင်ငံလုပ် တူကာနိုစစ်လေယာဉ် ဝယ်ယူရန် စာချုပ်အပါအဝင် နှစ်နိုင်ငံဆိုင်ရာ သဘောတူစာချုပ်လက်မှတ်မထိုးမီ နာရီပိုင်းအချိန်တွင် ရှာဗက်ဇ်၏ ဝေဖန်ပြောကြားချက်များ အထက်ပါအတိုင်း ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရက လေယာဉ် အစိတ်အပိုင်းပစ္စည်းများ ပို့ပေးရန် နှောင့်နှေးကြန့်ကြာစေရန် ပြုလုပ်နေပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုပမာဏ ဖြည်းဖြည်းချင်းရပ်ဆိုင်းခဲ့သည်ကို မိမိနိုင်ငံက သိနိုင်ကြောင်းဖြင့် တနင်္လာနေ့ ရုပ်မြင်အစီအစဉ် တစ်ရပ်တွင် ရှာဗက်ဇ်က ပြောကြားခဲ့သည်။

မိမိတို့က ဘရာဇီးလုပ် လေယာဉ်အချို့ ဝယ်ယူမည်ဖြစ်ကြောင်း သို့ရာတွင် ဘရာဇီးကမိမိတို့အပေါ် မည်သည့် စည်းကမ်းသတ်မှတ်ချက်များမှမပြုလုပ်ကြောင်း ရှာဗက်ဇ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တန်ဇန်းနီးယားနိုင်ငံ သကြားပိုမိုထုတ်လုပ်ရန်ရည်မှန်း

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁၅

တန်ဇန်းနီးယားနိုင်ငံသည် သကြားထုတ်လုပ်မှုကို ၂၀၀၁ခုနှစ်တွင် တန်ချိန် ၃၈၉၂၅၀ ရှိရာမှ ၂၀၁၀ ပြည့်နှစ်တွင် တန်ချိန် ၁ ဒသမ ၄၅၆ သန်းအထိ တိုးမြှင့်ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း မီဒီယာသတင်း ဌာနများက တနင်္လာနေ့တွင် ဖော်ပြသည်။

သကြားပိုမိုထုတ်လုပ်ရန် ရည်မှန်းထားခြင်းမှာ နိုင်ငံအတွင်းရှိ ကြံစိုက်ပျိုးသူများ၏ ဝင်ငွေတိုးတက်ရရှိရေးကို ရည်မှန်းခြင်းဖြစ်ကြောင်းတန်ဇန်းနီးယား ကြံစိုက်ပျိုးသူများအသင်း အတွင်းရေးမှူး ဆိုသီနီမဂက်ဆီ၏ ပြောကြားချက်ကိုကိုးကားလျက်အာဖရိက သတင်းစာက ဖော်ပြသည်။

ရည်မှန်းထားသည့်အတိုင်း သကြားထွက်ရှိရေးကို ပံ့ပိုးဆောင်ရွက်ရာတွင် ကြံများ၏အရေအတွက်နှင့်အမျိုးအစားကို စစ်ဆေးပေးခြင်း၊ ကြံစိုက်ပျိုးရေးသမားများနှင့်ကုမ္ပဏီများအကြားသကြားလုပ်ငန်းမှရရှိသည့် ဝင်ငွေများကိုဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးမြေ တစ်ဟက်တာလျှင် ကြံအထွက်နှုန်း ၄၅တန်မှ တန် ၈၀ သို့ အထွက်တိုး အောင်ဆောင်ရွက်ပေးခြင်းနှင့် ဆည်ရေပေးစိုက်သည့်စနစ်ကို စမ်းသပ်လုပ်ဆောင် ပေးခြင်းတို့ ပါဝင်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

တိုယိုတာကားများကို ဥရောပဈေးကွက်တွင် အရောင်းတွင်ကျယ်အောင် ကြိုးပမ်းနေသည်ကို ဖေဖော်ဝါရီ ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံဖြတ်ကျော်မှုခင်းများလျှော့ချနိုင်ရေး တောင်အာဖရိကနိုင်ငံ ကြိုးပမ်း

ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၁၅

တောင်အာဖရိကနိုင်ငံသည် နိုင်ငံဖြတ်ကျော်မှုခင်းများ လျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်အာဖရိကနိုင်ငံတွင် လွန်ခဲ့သည့်နှစ်က ရဲတပ်ဖွဲ့က အလိုအရှိဆုံး ဒုစရိုက်သမား ၂၀၀ ဦးအနက် ၁၆၈ ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ လမ်းခရီးများတွင် ဓားပြတိုက်မှုများသည် ၄၈ ဒသမ ၇ ရာခိုင်နှုန်း၊ ဘဏ်ဓားပြတိုက်မှုများသည် ၅၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း တောင်အာဖရိကသမ္မတ သာဘိုအမ်ဘီကီက ထုတ်ပြန်ကြေညာသည်။

တောင်အာဖရိကရဲတပ်ဖွဲ့သည် ယင်းနိုင်ငံနှင့် ဘော့ဆွာနာနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင် လှုပ်ရှားနေသော ဒုစရိုက်ဂိုဏ်းများကို ဦးစီးနေသည့် အမျိုးသားတစ်ဦးကို ဖမ်းဆီးရမိနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ကူမာလိုက ပြောကြားသည်။

နိုင်ငံသုံးနိုင်ငံတွင် ဖြန့်ကြက်လုပ်ကိုင်နေသော ဒုစရိုက်ဂိုဏ်းများသည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးသန်းသွားလာနေသော ထရပ်ကားများကို ပြန်ပေးဆွဲခြင်းများလည်း ပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကားလျက် ဆန်းဒေးတိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စင်ကာပူနိုင်ငံတွင် ရုက္ခဗေဒဥယျာဉ်ကြီး တည်ဆောက်မည်

စင်ကာပူ ဖေဖော်ဝါရီ ၁၅

လာမည့်နှစ်တွင် စင်ကာပူ၌ ရုက္ခဗေဒဥယျာဉ်ကြီးကို တည်ဆောက်မှုလုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း မီဒီယာသတင်းဌာနများက ထုတ်လွှင့်ခဲ့သည်။

အဆိုပါ ဥယျာဉ်ကြီးကို စင်ကာပူနိုင်ငံ၏ မြို့တော်တောင်ဘက်တွင် တည်ဆောက်မည်ဖြစ်သည်။ ထိုဥယျာဉ်တွင် စင်ကာပူနိုင်ငံ၏ လဟာပြင်ဖျော်ဖြေရေး စင်မြင့်များလည်း ပါဝင်မည်။ အကြီးဆုံးသော လဟာပြင်စင်မြင့်မှာ ပန်းကန်လုံးပုံသဏ္ဌာန် စင်မြင့်ဖြစ်သည်။

ဥယျာဉ်ကို ငါးနှစ်မှ ၁၀ နှစ်အတွင်း အပြီးသတ်ဆောက်လုပ်မည်ဖြစ်ပြီး ထိုအတောအတွင်း၌ ဥယျာဉ်တွင်း ဖျော်ဖြေရေးအစီအစဉ်ကို ယခုနှစ်အကုန်တွင် စတင်နိုင်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း သတင်းများအရ သိရသည်။

ယခုလက်ရှိ ရုက္ခဗေဒဥယျာဉ်ကိုလည်း စင်ကာပူအစိုးရက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါ ပြုပြင်ဆောင်ရွက်မှုများတွင် ကလေးများအတွက် ဥယျာဉ် သစ်တစ်ခုတည်ဆောက်ခြင်းနှင့်သံစုံတီးဝိုင်းဖျော်ဖြေမည့် အဆင့်မြင့်စင်မြင့် တည်ဆောက်ခြင်းလုပ်ငန်းလည်းပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ပြည်ထောင်စု၏ အမြုတေ

ခြင်ကျား (မအူပင်)

မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ ပြည်ထောင်စု စနစ်ဖြင့် လွတ်လပ်ရေးကို ရယူရန်ဟူသော ဦးတည်ချက်ဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့သည်။ နယ်ချဲ့ဗြိတိသျှများက ပြည်ထောင်စုပြိုကွဲစေရန် နည်းအမျိုးမျိုးသုံး၍ သွေးခွဲသည့်ကြားက ပင်လုံစာချုပ်ပေါ်ထွန်းလာသည်ကို လွန်စွာ စိုးရိမ်တုန်လှုပ်ခြင်းဖြစ်ကာ ပင်လုံစာချုပ်ပျက်ပြားစေရန် ကြိုးပမ်းခဲ့ကြသည်။

ဗြိတိသျှအစိုးရက ဗြိတိသျှလွှတ်တော် လေဘာပါတီအမတ် မစ္စတာရီးစ်ဝီလျံ (R.Williams) ကို ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးကာ ရီးစ်ဝီလျံကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ရီးစ်ဝီလျံကော်မရှင်သည် မြန်မာပြည်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန်နှင့် တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းရာတွင် နယ်စပ်ဒေသ တိုင်းရင်းသားများထံမှ ကိုယ်စားလှယ်မည်မျှ ပါဝင်မည်၊ မည်သို့မည်ပုံ ပါဝင်ရမည်ကို စုံစမ်းရန်ဟု အကြောင်းပြထားသည်။

ဗြိတိသျှတို့က ဤသို့ကော်မရှင်လွှတ်စုံစမ်းခြင်းအားဖြင့် ပင်လုံညီလာခံတွင် မတက်ရောက်ခဲ့သော တိုင်းရင်းသားများထံမှ မိမိတို့လိုလားသော ဒိုမီနီယန်ဝါဒကို အကောင်အထည်ဖော်နိုင်လိမ့်မည်။ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ ပြည်ထောင်စုစနစ်ဖြင့် လွတ်လပ်ရေးကို အရယူရန် သန္နိဋ္ဌာန်ပြုသော ပင်လုံစာချုပ်ကြီး အလိုအလျောက်ပျက်ပြယ်စေမည်ဟု ယူဆခဲ့သည်။

ရီးစ်ဝီလျံကော်မရှင်တွင် မစ္စတာရီးစ်ဝီလျံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ မြန်မာကိုယ်စားလှယ်အဖြစ် ဦးတင်ထွဋ်၊ ဦးနု၊ ဦးခင်မောင်ကလေးနှင့် ဦးကျော်ငြိမ်းတို့ ပါဝင်ကြသည်။ တောင်တန်းဒေသ ကိုယ်စားလှယ်များအဖြစ် မိုင်းပွန်စော်ဘွားစဝ်စံထွန်း(ရှမ်း)၊ ဆမားဒူဝါဆင်ဝါနောင်(ကချင်)၊ ဦးဝမ်ကိုဟော(ချင်း)၊ စောစံကေး(ကေအင်န်ယူအဖွဲ့ဝင်) သံလွင်ခရိုင်ကိုယ်စားလှယ်တို့ ပါဝင်ကြသည်။

၁၉၄၇ ခုနှစ် မတ်လ ၇ ရက်နေ့တွင် မစ္စတာရီးစ်ဝီလျံ မြန်မာပြည်သို့ရောက်ပြီး ဦးတင်ထွဋ်၊ ဦးခင်မောင်ကလေး၊ မိုင်းပွန်စော်ဘွားစဝ်စံထွန်း၊ တောင်တန်းဒေသ အုပ်ချုပ်ရေးဒါရိုက်တာ မစ္စတာလေဒင်နှင့် ကော်မတီအဖွဲ့အတွင်းရေးမှူး မစ္စတာလက်ဝစ်ချ်တို့ ပါဝင်ကြလျက် မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ လွိုင်လင်၊ တောင်ကြီး၊ လွိုင်ကော်၊ မော်ချီးစသော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်ဒေသများသို့ သွားရောက်လှည့်လည်၍ ပဏာမစုံစမ်းမှုပြုခဲ့သည်။ ထိုစုံစမ်းရေးကော်မတီသည် မတ်လ ၁၇ ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည်၍ရောက်ရှိခဲ့သည်။

ထိုကော်မတီသည် မတ်လ ၁၉ ရက်နေ့အထိ ရခိုင်တောင်တန်းဒေသများ၊ သံလွင်ခရိုင်နှင့် ကရင်လူငယ်များ အစည်းအရုံးတို့မှ သက်သေများကို တွေ့ဆုံမေးမြန်းခဲ့သည်။ စုံစမ်းရေးကော်မတီက ရန်ကုန်၌ စုံစမ်းမေးမြန်းနေစဉ် မေမြို့(ပြင်ဦးလွင်)တွင် စုံစမ်းမေးမြန်းခံကြမည့် ကချင်၊ ကရင်နီ၊ ချင်း၊ ရှမ်းစသော တိုင်းရင်းသားတို့သည် စုံစမ်းမေးမြန်းသောအခါ ထွက်ဆိုမည့် အချက်အလက်များကို ညောင်ရွှေဟော်၌ အကြိုဆွေးနွေးကြသည်။

အကြိုဆွေးနွေးပွဲတွင် မြဲမြံသော စည်းလုံးညီညွတ်မှုကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်ထားပြီးသော တိုင်းရင်းသားများက ရီးစ်ဝီလျံကော်မရှင် မေမြို့(ပြင်ဦးလွင်)ကို လာသည့်အခါ “မြန်မာပြည်မနှင့်ပူးပေါင်း၍ လွတ်လပ်ရေးကို ရယူတိုက်ပွဲဝင်ကြမည်”ဟု တညီတညွတ်တည်း ထွက်ဆိုကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ရီးစ်ဝီလျံ ကော်မတီက ရခိုင်တောင်တန်းဒေသနှင့် သံလွင်ခရိုင်ဒေသများကို သွားရောက်စုံစမ်းမေးမြန်းနေစဉ် ၁၉၄၇ ခုနှစ် မတ်လ ၂၃ ရက်နေ့ ည ၆ နာရီအချိန်တွင် ရန်ကုန်မြို့၌ တောင်တန်းဒေသ ကိုယ်စားလှယ်များနှင့် ဖဆပလ အမှုဆောင်လူကြီးများ မိတ်ဆက်ပွဲကို ကျင်းပခဲ့သည်။

ထိုမိတ်ဆက်ပွဲတွင် တောင်တန်းဝန်ကြီးမိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဒုတိယတောင်တန်းဝန်ကြီး ဦးဝမ်ကိုဟော၊ ဆမားဒူဝါဆင်ဝါနောင်၊ ကရင်အစည်းအရုံးမှ စောစံကေးနှင့် ဖဆပလမှ အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြ၍ မြန်မာပြည်မနှင့် တောင်တန်းဒေသ ပူးပေါင်းရေးကို ဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲကလည်း ပြည်မနှင့် တောင်တန်းဒေသများ အတူတကွပူးပေါင်း၍ လွတ်လပ်ရေးကို အရယူရန် သဘောတူခဲ့ကြသည်။

ရီးစ်ဝီလျံကော်မရှင်သည် မတ်လ ၁၉ ရက်နေ့အထိ ရခိုင်တောင်တန်းဒေသများ၊ ရွှေကျင်–ကရင်အစည်းအရုံး၊ သံလွင်ခရိုင်နှင့် ကရင်လူငယ်များ အစည်းအရုံးတို့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ကျန်တောင်တန်းဒေသများကို ဆက်လက်စုံစမ်းရန် မတ်လ ၂၇ ရက်နေ့တွင် ကော်မရှင်ရုံးကို မေမြို့ (ပြင်ဦးလွင်)သို့ ပြောင်းရွှေ့ခဲ့သည်။

ကော်မရှင်သည် ဧပြီလ ၁၁ ရက်နေ့တွင် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့၊ ကလော၊ တောင်ကြီး၊ လားရှိုး၊ လွိုင်လင်၊ မြောက်ပိုင်း ‘ဝ’နယ်နှင့် ကိုးကန့်နယ်များမှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ ၁၂ ရက်နေ့တွင် မြောက်ပိုင်းသိန္နီနှင့် တောင်ပိုင်းနယ်များမှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ မိုးမိတ်၊ ကျိုင်းတုံနယ်ရှိ ကရင်အမျိုးသား အစည်းအရုံးတို့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ ၁၆ ရက်နေ့တွင် မြစ်ကြီးနား၊ ဗန်းမော်၊ ခန္တီးလုံတို့မှ ကချင်တိုင်းရင်းသားများ၊ ကချင်လူငယ်အစည်းအရုံး၊ ဂျိန်းဖော အမျိုးသားယဉ်ကျေးမှု မြှင့်တင်ရေးအသင်းတို့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။ ဧပြီလ ၁၇ ရက်နေ့တွင် ကေအင်န်ယူအစည်းအရုံးနှင့် ဗန်းမော်ဖဆပလအဖွဲ့မှ သက်သေများကို စုံစမ်းမေးမြန်းခဲ့သည်။

ဧပြီလ ၁၉ ရက်နေ့တွင် ဖလမ်း၊ ဟားခါး၊ တီးတိန်နယ်များမှ ချင်းတိုင်းရင်းသားများ၊ ချင်းပင်စင်စား အသင်းဝင်များ၊ ကန်ပက်လက်၊ ဆွန်မရ၊ သောင်ထွတ်၊ ဆင်ကလိန်၊ ခန္တီးနှင့် ဟုမ္မလင်းနယ်များမှ ချင်းနှင့်ရှမ်းတိုင်းရင်းသားများကို စုံစမ်းမေးမြန်းခဲ့သည်။

ဧပြီလ ၂၁ ရက်နေ့တွင် တောင်ပေါ်သားများ ညီညွတ်ရေးဦးစီး အဖွဲ့ဝင်များ၊ ရှမ်းစော်ဘွားများ၊ တောင်ပိုင်း ရှမ်းပြည်နယ်နှင့် ကျန်ဒေသများမှ ကိုယ်စားလှယ်များ၊ တီးတိန်၊ ကန်ပက်လက်မှ ချင်းတိုင်းရင်းသားများနှင့် ဗန်းမော်မှ ကိုယ်စားလှယ်များကို စုံစမ်းမေးမြန်းခဲ့သည်။

စုံစမ်းမေးမြန်းရာတွင် ဗြိတိသျှတို့သည် စည်းလုံးညီညွတ်နေသော တိုင်းရင်းသားများအား သွေးကွဲစေရန် သွေးတိုးစမ်းသည့် မေးခွန်းများ၊ ဗြိတိသျှတို့ဘက်ပါအောင် ဆွယ်သောမေးခွန်းများကို မေးမြန်းခဲ့သည်။

ယင်းမေးခွန်းများတွင် လွတ်လပ်ရေးအတွက် ဗမာတို့နှင့် မပေါင်းဘဲ သီးခြားတိုင်းပြည်ထူထောင်ရန် ဆန္ဒရှိ–မရှိ၊ သီးခြားထူထောင်လိုပါက ဗမာများကို ပေးသည့် အခွင့်အရေးအတိုင်းပေးမည်၊ ဆက်လက်၍လည်း စောင့်ရှောက်မည်၊ ဗြိတိသျှဓနသဟာယအတွင်းတွင် ပါဝင်ရန်ဆန္ဒရှိ–မရှိ၊ တောင်တန်းဒေသနေ တောင်တန်းသားအားလုံးက သီးသန့်နေရန်အခွင့်အရေးများ တောင်း–မတောင်း၊ ဗမာနှင့် ဗြိတိသျှတို့အနက် မည်သူ့ကိုပို၍ အားကိုးသနည်း၊ ဗြိတိသျှတို့ကို ယုံကြည်လျှင် လိုအင်ဆန္ဒအားလုံး ပြည့်စုံစေရမည်၊ ယခုစုံစမ်းမေးမြန်းခံရသူများသည် တိုင်းပြည်က ရွေးကောက်သူများလော၊ အချင်းချင်း ရွေးလာခဲ့ကြသူများလော၊ အကယ်၍ကော်မတီ၏အစီရင်ခံစာကို အစိုးရက မကျေနပ်လျှင် မည်ကဲ့သို့သဘောထားမည်နည်း၊ လူဦးရေအလွန်များပြားသော တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံအကြားတွင် နေရဲသလော၊ ယင်းနှစ်နိုင်ငံက စီးပွားရေးစွက်ဖက်မှုပြုလျှင် မည်သို့ဆောင်ရွက်မည်နည်း၊ တောင်တန်းဒေသများရှိ စီးပွားရေးလုပ်ငန်းများကို အခြားနိုင်ငံသားများနှင့် ဗြိတိသျှတို့ ယှဉ်ပြိုင်လုပ်ကိုင်လျှင် မည်သူ့ကို ဦးစားပေးမည်နည်း၊ တတိယကမ္ဘာစစ်ကြီးဖြစ်လျှင် ဗြိတိသျှတို့ ပါဝင်ခဲ့ပါက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေဗြိတိသျှ တို့ဘက်မှ ပါဝင်တိုက်ခိုက်မည်လော စသည့်မေးခွန်းများစွာနှင့် စုံစမ်းမေးမြန်းခဲ့သည်။ ဤမေးခွန်းများကို မေးမြန်း၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲကာ ပင်လုံစာချုပ်ပျက်ပြယ်စေရန် ကြိုးပမ်းခဲ့သည်။

> ဗြိတိသျှတို့သည် ဗမာနှင့်ညီရင်းအစ်ကိုများ ဖြစ်ကြသော တိုင်းရင်းသားများ အတူတကွပူးပေါင်းပြီး လွတ်လပ်ရေးရယူကြမည်ကို မရှုဆိတ်သဖြင့် မြန်မာနိုင်ငံမှ တောင်တန်းဒေသများကို ခွဲထုတ်ရေးအတွက် တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင် အမျိုးမျိုးခြေထိုးကြသော်လည်း နောက်ဆုံးတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရလေသည်။ မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူများ၏ ရင်တွင်း၌ရှိသော **“ပြည်ထောင်စု အမြုတေ”**ကား မည်သည့်ရန်သူကမျှ ဖြိုခွဲဖျက်ဆီးခြင်းငှာ မတတ်နိုင်ပါချေ။

မေမြို့ (ပြင်ဦးလွင်)တွင် စုံစမ်းမေးမြန်းခဲ့ရာတွင် ကချင်၊ ချင်း၊ ရှမ်းတို့အပြင် ပင်လုံညီလာခံကျင်းပစဉ်က မပါဝင်ခဲ့သော ကရင်နီပြည်နယ်မှ လူထု ကိုယ်စားလှယ်များလည်း လာရောက်အစစ်ဆေးခံခဲ့ကြသည်။ ကရင်နီ ခေါင်းဆောင်များဖြစ်ကြသော ဘော်လခဲနယ်မှ ဦးဘီတူရဲနှင့် သရာရွှေလေး၊ ကြယ်ဖိုးကြီးနယ်မှ စောရွှေနှင့် ဦးအေမြလေး၊ မိုးဗြဲနယ်မှ သိုင်းဘဟန်နှင့် စောပေါလူ၊ ကန္တာရဝတီနယ်မှ စောလဝီ၊ ဦးစိန်နှင့် စောဂျိကရာစူ၊ ကရင်နီ(ကယား)လူငယ်အစည်းအရုံးမှ ဦးဘသောင်းတို့က **မြန်မာပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အရယူရန် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။** ရီးစ်ဝီလျံ ကော်မတီသည် ၁၉၄၇ ခုနှစ် မတ်လ ၂၇ ရက်နေ့မှ ဧပြီလ ၂၃ ရက်အတွင်း အစည်းအဝေးအကြိမ်ပေါင်း (၂၄)ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ရသည်။ သို့သော် “မြန်မာပြည်မနှင့် တောင်တန်းဒေသများ အတူပူးပေါင်း၍ လွတ်လပ်ရေးကိုရယူမည်” ဟူသော သန္နိဋ္ဌာန်ကို မြဲမြံစွာ ဆုပ်ကိုင်ထားရှိပြီးသော တိုင်းရင်းသားတို့အဖို့ မည်ကဲ့သို့မျှ ယိမ်းယိုင်ခြင်းမရှိတော့ချေ။ ဧပြီလ ၂၃ ရက်နေ့တွင် မြန်မာပြည်မနှင့် တောင်တန်းဒေသများ အတူပူးပေါင်း၍ လွတ်လပ်ရေးကို အရယူမည်ဟူသော အဆိုကိုပင် ထပ်ဆင့်သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

ထို့ပြင် ၁၉၄၇ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် အချက်လေးချက်ပါသော ကော်မရှင်၏ အစီရင်ခံစာကို ကော်မရှင်အဖွဲ့ဝင်များက တညီတညွတ်တည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ဤသို့အားဖြင့် ဗြိတိသျှအစိုးရသည် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို သွေးခွဲ၍မရတော့ဘဲ ၁၉၄၇ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ရီးစ်ဝီလျံကော်မရှင်က သဘောတူညီချက်များကို အတည်ပြုခဲ့ ရပေသည်။

ဗြိတိသျှတို့သည် ဗမာနှင့်ညီရင်းအစ်ကိုများ ဖြစ်ကြသော တိုင်းရင်းသားများ အတူတကွပူးပေါင်းပြီး လွတ်လပ်ရေးရယူကြမည်ကို မရှုဆိတ်သဖြင့် မြန်မာနိုင်ငံမှ တောင်တန်းဒေသများကို ခွဲထုတ်ရေးအတွက် တိုင်းရင်းသား အချင်းချင်း သွေးကွဲအောင်အမျိုးမျိုးခြေထိုးကြသော်လည်း နောက်ဆုံးတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရလေသည်။ မြန်မာနိုင်ငံ၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူများ၏ ရင်တွင်း၌ရှိသော **“ပြည်ထောင်စု အမြုတေ”**ကား မည်သည့်ရန်သူကမျှ ဖြိုခွဲဖျက်ဆီးခြင်းငှာ မတတ်နိုင်ပါချေ။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသော ပင်လုံညီလာခံသည် တိုင်းရင်းသားပြည်သူတို့၏ ပြည်ထောင်စု စိတ်ဓာတ်ဟူသော ရင်တွင်းအမြုတေကို ဖော်ထုတ်နိုင်ခဲ့ပြီး သူ့ကျွန်ဘဝမှလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့လေသည်။

ယနေ့ကာလတွင် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးသည် မကြုံစဖူးသော အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံ၍ အနာဂတ်နိုင်ငံတော်သစ်အတွက် ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပေါ်ပေါက်ရေး တာဝန်ကို ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရပေသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ပြည်ထောင်စုနှင့်ပြည်နယ်များ ဆိုင်ရာဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ကော်မတီက တာဝန်ယူရေးဆွဲ၍ တိုင်းပြုပြည်ပြုလွှတ်တော်က ပြင်ဆင်ဖြည့်စွက် အတည်ပြုခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံဥပဒေရေးဆွဲရေးကော်မရှင် ပထမ၊ ဒုတိယ၊ တတိယမူကြမ်း အဆင့်ဆင့်မှသည် ပါတီညီလာခံက အတည်ပြု၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် ဆန္ဒရယူကာ ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံကို အကြောင်းအမျိုးမျိုးကြောင့် ၁၉၉၆ခုနှစ် မတ်လ ၃၁ရက်နေ့တွင် ယာယီအားဖြင့် ခေတ္တရပ်ဆိုင်းခဲ့ရသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းရေးမျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ တိုင်းရင်းသားပြည်သူများ၏ လိုလားချက်နှင့် အကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့ အထိ ထပ်မံကျင်းပခဲ့ပြီးဖြစ်သည်။ ၁၉၉၃–၉၆ အမျိုးသားညီလာခံက ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံရမည့်အခြေခံမူ ၁၀၄ ချက်နှင့် အသေးစိတ်အခြေခံရမည့်မူတချို့ကို တညီတညွတ်တည်း ချမှတ်အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် အသေးစိတ် အခြေခံရမည့်မူတချို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီးဖြစ်သည်။

ယခုတစ်ဖန် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်(ယနေ့)တွင် အမျိုးသားညီလာခံ အပိုင်းတစ်ပိုင်းကို ပြန်လည်စတင်ကျင်းပနေပြီဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်၍ ညှိနှိုင်းဆွေးနွေးလျက်ရှိသော ကိုယ်စားလှယ် ၁၀၈၆ ဦးတွင် တိုင်းရင်းသား ကိုယ်စားလှယ်ပေါင်း ၆၃၃ ဦးရှိသည်ကို တွေ့ရသည်။ ကချင်ပြည်နယ်မှ ၄၁ ဦး၊ ကယားပြည်နယ်မှ ၁၉ ဦး၊ ကရင်ပြည်နယ်မှ ၂၆ ဦး၊ ချင်းပြည်နယ်မှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းမှ ၆၁ ဦး၊ တနင်္သာရီတိုင်းမှ ၁၅ ဦး၊ ပဲခူးတိုင်းမှ ၅၀၊ မကွေးတိုင်းမှ ၄၄ ဦး၊ မန္တလေးတိုင်းမှ ၅၆ ဦး၊ မွန်ပြည်နယ်မှ ၃၇ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရန်ကုန်တိုင်းမှ ၆၇ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ၄၆ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၃၉ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၂၉ ဦးနှင့် ဧရာဝတီတိုင်းမှ ၅၄ ဦး စုစုပေါင်း ၆၃၃ ဦးဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံပြည်နယ်၊ တိုင်းအနှံ့မှ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အတူ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အခြားအဖွဲ့များ၏ ကိုယ်စားလှယ်များပါဝင်ရာ လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ်ပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပေသည်။

ပင်လုံညီလာခံကြီး ကျင်းပပြီးစဉ်အခါကလည်း နယ်ချဲ့ကိုလိုနီများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန် ကြိုးပမ်းခဲ့ကြဖူး၏။ ယခု အမျိုးသားညီလာခံကြီးကျင်းပရန် ပြင်ဆင်စဉ်ကာလနှင့် ကျင်းပစဉ် အချိန်များ၌လည်း ကိုလိုနီလက်သစ်များနှင့် ကိုလိုနီလက်သစ်တို့၏ ဩဇာခံ ပြည်တွင်း၊ ပြည်ပအဖျက်သမားများသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားရန် ကြံစည်အားထုတ်လျက်ရှိသည်။

သို့သော် ပြည်ထောင်စုစိတ်ဓာတ်သည် မြန်မာနိုင်ငံမှ တိုင်းရင်းသားတို့၏ ရင်တွင်းအမြုတေဖြစ်ရာ ရင်တွင်းအမြုတေမျိုးသည် မည်သည့်ရန်သူကမျှ ပြိုကွဲစေရန် မစွမ်းနိုင်ချေ။ ထို့ကြောင့် ပြည်ထောင်စု၏ အမြုတေကို ရင်မှာသိုမှီးလျက် နိုင်ငံတော်၏ပန်းတိုင်သို့ အမျိုးသားရေးလမ်းပြမြေပုံ ဖြစ်သော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ ချီတက်ကြပါစို့ဟု သန္နိဋ္ဌာန်ပြု နှိုးဆော်ရေးသားလိုက်ရပါသတည်း။ ။

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနား စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာ၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၉နာရီခွဲတွင် စစ်ကိုင်းတိုင်း မော်လိုက်ခရိုင် မော်လိုက်မြို့နယ် ကင်းတပ်ကျေးရွာ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၄၀၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မော်လိုက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်နိုင်၊ ကင်းတပ်ကျေးရွာ ရပ်မိရပ်ဖ ဦးညိုဦး၊ မော်လိုက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ခင်နှင်းနှင့် မော်လိုက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ခင်ဥတို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မော်လိုက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်စန္ဒာသိန်းက ဆောင်ရွက်၍ တွဲဖက်အခမ်းအနားမှူးအဖြစ် ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဒေါ်ခင်မျိုးထွန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီး ကင်းတပ်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်မျိုးဆက်သစ်လူငယ်မောင်မယ်များက "ရာသက်ပန်ပြည်ထောင်စု" သီချင်းဖြင့် သီဆိုဂုဏ်ပြု၍ အခမ်းအနားကို ဖွင့်လှစ်သည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် သဘာပတိ မော်လိုက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲဝင်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ကိုဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ မော်လိုက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒေါက်တာဒေါ်နီနီကလည်းကောင်း၊ အမျိုးသားညီလာခံအား ဂုဏ်ပြုခြင်းနှင့် စပ်လျဉ်း၍ မော်လိုက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်ခင်စန်းက လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ထောက်ခံခြင်းနှင့်စပ်လျဉ်း၍ ဖောင်းပြင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသောင်းထိုက်ကလည်းကောင်း တင်သွင်းကြပြီး မော်လိုက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးဝင်းခိုင်က ထောက်ခံဆွေးနွေးသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းကြရာ မော်လိုက်မြို့နယ် လောသာကျေးရွာ ပြည်သူများက ငွေကျပ် ၁၅၀၀၀၀၊ ကျေးလက်ဒေသ စာကြည့်တိုက်များအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုက ငွေကျပ် သုံးသိန်းဖိုးရှိ ဂျာနယ်မဂ္ဂဇင်း၊ စာအုပ်စာတမ်းများ၊ဖောင်းပြင်မြို့နယ် အုန်းသာကျေးရွာ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်း၊ဖောင်းပြင်မြို့နယ် လွင်ကြီးကျေးရွာ ကျေးလက်စာကြည့်တိုက်၊ မော်လိုက်မြို့နယ် တောင်းအင်ကျေးရွာ ကျေးလက် စာကြည့်တိုက်တို့အတွက် မော်လိုက်ခရိုင်ရေယာဉ်အသင်းများက ငွေကျပ် သုံးသိန်း၊ မော်လိုက်မြို့နယ် မန်နွဲကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ဌာနဆိုင်ရာနှင့် ပြည်သူလူထုက ငွေကျပ်သိန်း ၂၀၊ မော်လိုက်မြို့နယ် ကင်းတပ်ရွာ ကျေးလက်ဖွံ့ဖြိုးရေးအတွက် အလှူရှင် ဦးသာဆင့် မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀၊ ဖောင်းပြင်မြို့နယ် မောက်စဖာကျေးရွာ မြစ်ကမ်းပါး ချင်းတွင်းမြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းအတွက် ဌာနဆိုင်ရာနှင့် ပြည်သူလူထုက ငွေကျပ်လေးသိန်း၊ အုန်းသာကျေးရွာ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းနှင့် ကျေးလက်စာကြည့်တိုက် အဆောက်အအုံအတွက် အုန်းသာကျေးရွာပြည်သူလူထုက ငွေကျပ် ၃၅သိန်း၊ ဖောင်းပြင်မြို့နယ် လွင်ကြီးရွာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဌာနဆိုင်ရာနှင့်ပြည်သူလူထုက ငွေကျပ်သိန်း ၄၀တို့ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ သဘာပတိက အဆိုသုံးရပ်နှင့် စပ်လျဉ်း၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထု၏ သဘောထားကိုရယူရာ ပြည်သူလူထုက သဘောတူထောက်ခံကြောင်း တစ်ခဲနက်ဆန္ဒပြုကြသည်။ ထို့နောက် မျိုးဆက်သစ်ကျောင်းသားကျောင်းသူလူငယ်များက "ပြည်မြန်မာ" သီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး ကြွေးကြော်သံများဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စွမ်းရည်ပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ဖြတ်လမ်းမလိုက်ဘဲ ကြိုးစားလုပ်ကိုင်နေထိုင်သွား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ထောင်မှူးကြီးသင်တန်း အမှတ်စဉ်(၁/၂၀၀၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာ အတတ်သင်ကျောင်း၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိတပ်ဖွဲ့နှင့် ဦးစီးဌာနများမှ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ နည်းပြများနှင့်အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

အခမ်းအနားတွင် ဝန်ကြီးက သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်၊ နိုင်ငံတော် တည်ဆောက်ရေးတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ထမ်းဆောင်ရမည့် အခန်းကဏ္ဍ၊ တပ်တည်ဆောက်ရေး တာဝန်ကြီးလေးရပ်နှင့် အမြင်ငါးမြင်၊ အဖွဲ့အစည်းစိတ်ဓာတ်ရှိရေး၊ ရဲဘော်ရဲဘက် စိတ်ဓာတ်ရှိရေး၊ လေ့ကျင့်သားပြည့်ဝရေး ကိစ္စများနှင့် ပြည်သူလူထုအား ရိုသေလေးစားရန်၊ နိုင်ငံတော်နှင့် ဌာနအပေါ် သစ္စာရှိရန်၊ စွမ်းရည်ပြည့်ဝသော အမာခံဝန်ထမ်းကောင်းများ ဖြစ်လာစေရန်၊ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ မှန်ကန်ခြင်းသည် ဘဝတစ်သက်တာအတွက် အကောင်းဆုံးဖြစ်၍ ဖြတ်လမ်းမလိုက်ဘဲ ကြိုးစားလုပ်ကိုင်နေထိုင်သွားကြရန် ရှင်းလင်းမှာကြားသည်။

သင်တန်းကို ရက်သတ္တရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည်စုံညီ ညီလာခံကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ(MICT Park) ရှိအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ အသင်းဝင်များ၊ ဖိတ်ကြားထားသော အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ညီလာခံပထမပိုင်းကို စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း နာယက ဦးကျော်တင်က ဆောင်ရွက်ပြီး သဘာပတိက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဖွဲ့စည်းပုံကို ပြင်ဆင်ရန် အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီကိုယ်စား အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်ကတင်ပြရာ တက်ရောက်လာကြသူများ၏ သဘောတူညီချက်အရ ဖွဲ့စည်းပုံပြင်ဆင်ချက်ကို အတည်ပြုပြီး ညီလာခံပထမပိုင်းကို နံနက်ပိုင်းတွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးဝင်းခိုင်တို့ ပါဝင်သော ဗဟိုအလုပ်အမှုဆောင် ကော်မတီကို ရွေးချယ်တင်မြှောက်ကြသည်။ (သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ဇီးဖြူကုန်းရွာမရှိ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ် စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံပွဲကို ၁၃၆၆ခုနှစ် တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်ကျော် ၁ရက်၊ မတ် ၁၇ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြတ်စွယ်တော်မှာ ၁၂၄၉ ခုနှစ်က အုတ်ဖိုဆရာတော်ကြီး သီဟိုဠ်ကျွန်းမှ ပင့်ဆောင်တော်မူခဲ့သော မြတ်ဗုဒ္ဓ၏စွယ်တော်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ရတနာ့ဂုဏ်ရည်ကျောင်း ပဌာန်းပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆) ရပ်ကွက် ရတနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် ပထမအကြိမ် ပဌာန်းကျမ်း ရွတ်ပွားပူဇော်ပွဲကို ရတနာ့ဂုဏ်ရည် ဆရာတော်ကြီးမှူး၍ တပည့်ဒါယကာ၊ ဒါယိကာမများက ဖေဖော်ဝါရီ ၁၉ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ ပင့်သံဃာ ၂၄ပါးတို့က ပဌာန်းတရားတော်များကို ရွတ်ပွားချီးမြှင့်ကြမည်ဖြစ်သည်။ (က-ပ)

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အကောက်ခွန် ဝန်ထမ်းဟောင်းများအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် လမ်း (၅၀) ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်အားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ရခိုင်ရိုးရာ ကုံရာသီ ရထားဆွဲပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ရခိုင်ရိုးရာ ကုံရာသီ ရထားဆွဲပွဲကို ဖေဖော်ဝါရီ ၂၁ရက်မှ ၂၃ရက်အထိ မောင်တောမြို့ မြို့မကွင်း၌ အစဉ်အလာမပျက် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်က အမက(၃၆)ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က ရပ်ကွက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်စဉ်။ (၅၀၆)

ဇန်နဝါရီ ၃၀ ရက်က ကျင်းပသော တာမွေမြို့နယ်မေတ္တာညွှန့်ရပ်ကွက်အမှတ်(၃၀) အခြေခံ ပညာ မူလတန်း ကျောင်း ပညာရေးစုံညီပွဲတော်၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ ထူးချွန်စွာ အောင်မြင်ခဲ့သူ မယမင်းပပကလျာသိန်းစော အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်း ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** –The Visit –(ဒုတိယနှစ်–အင်္ဂလိပ်စာအထူးပြု)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း (အပိုင်း–၂၃)**
၆:၅၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရင်မှာတိုးတွေ့မွှေးနေဆဲ" (အပိုင်း–၅)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီး ဘုန်းမီးနေလ" (အပိုင်း–၂၀)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

အမှာစကားပြောကြား

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလုပ်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် တွဲဖက်အတွင်းရေးမှူးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက သဘာပတိအဖြစ်ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ဖြည့်စွက်ဆွေးနွေး

ရှေးဦးစွာ သဘာပတိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များက ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုမွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စေတနာညကျောင်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (ရန်ကုန်တိုင်း)

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ စေတနာညကျောင်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စေတနာညကျောင်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း သင်ပြခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ စေတနာ ညကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာ စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ စေတနာ ညကျောင်းသို့ အလှူရှင် ၂၆ဦးတို့က အလှူငွေစုစုပေါင်း ကျပ်၁၆၆၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးတို့က လက်ခံယူကြ သည်။

ဆက်လက်၍ တိုင်းအမျိုးသမီး ရေးရာအဖွဲ့မှ တာဝန်ရှိသူများက စေတနာညကျောင်း ဆရာ၊ ဆရာမ များအား ဂုဏ်ပြုလက်ဆောင်များနှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံ ပညာအထက်တန်းကျောင်းသို့လှူဒါန်း သည့် အလှူငွေများကို ပေးအပ်ချီးမြှင့် ကြပြီး ပညာရေးဝန်ဆောင်မှုလုပ်ငန်း ရှင်များက ငွေကျပ်၁၃၂၆၀၀၀တန်ဖိုး ရှိ တက္ကသိုလ်ဝင်စာမေးပွဲအထူးထုတ် လမ်းညွှန်စာအုပ်များကို ပေးအပ် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်း ရေးမှူး သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ် ဦးက အမျိုးသမီးရေးရာအဖွဲ့ အသင်း ဝင် အဆိုပြုလွှာ ၅၆၃၉စောင်ကို ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက လက်ခံ ရယူသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့အနေဖြင့် အကြောင်းအမျိုးမျိုး ကြောင့် ပညာဆက်လက် ဆည်းပူး လေ့လာခွင့်မရကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် လုပ်ငန်းခွင် ပြင်ပချိန်တွင် အခမဲ့ ပညာသင်ကြားခွင့်ရရှိနိုင်ရေးအတွက် တိုင်းအတွင်းရှိ ခရိုင် လေးခရိုင်တွင် စေတနာညကျောင်းများ ဖွင့်လှစ်နိုင် ရေး ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်ပြီး ရန်ကုန်မြို့တွင်း လေ့လာရေးခရီးစဉ်များပြီးဆုံးပြီဖြစ်သဖြင့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ လေယာဉ်၊ မီးရထား၊ မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီး တင်ကြိုင်နှင့် ဆပ်ကော်မတီဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာကြည့်တိုက်များအတွက် လိုအပ်လျက်ရှိသော စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက်တွင် သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း ရေနံ့ရိပ်သာ အိုင်(၇) ခနိုတောနေ ဦးမြင့်တိုးက ငွေကျပ် ၁၃၉၅၀၀ တန်ဖိုးရှိ သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဝတ္ထုအုပ်ရေ ၂၉၀နှင့် ဂျာနယ်စောင်ရေ ၂၀၀ကို ဒုတိယအကြိမ်အဖြစ် လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြိုင်က လက်ခံရယူသည်။

အလားတူ မန္တလေးတိုင်း မတ္တရာမြို့နယ် ပျဉ်ကာကျေးရွာအုပ်စု ပျဉ်ကာကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်တွင် ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက သုတရသစာအုပ်များနှင့် ဒေသခံများက မဂ္ဂဇင်း၊ ဂျာနယ်၊ သုတ၊ရသ စာအုပ် ၂၉၀တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့ပြင် မတ္တရာမြို့နယ် ဝန်စုကျေးရွာအုပ်စု၊ ထိန်ပင်စောက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ရက်တွင် ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအောင်ထိန်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင် ဒေါ်ဆွေဆွေတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသ စာအုပ်များနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးခင်မောင်လှက စာအုပ်အလှူရှင်များ ကိုယ်စား စာအုပ်မျိုးစုံ ၁၃၅အုပ်၊ ဦးစံဌေး–ဒေါ်စံပယ်နှင်း မိသားစုက ဂျာနယ် ငါးစောင်၊ ဦးဝင်းဦးက ကတ်ထူစာအုပ် နှစ်အုပ်၊ ဦးတင်ချွန်–ဒေါ်ခိုင်တို့က သတင်းစာ သုံးလစာ၊ ဦးအောင်ငြိမ်း–ဒေါ်တင်မာ၊ ဦးကျော်အေး–ဒေါ်သန်းလှနှင့် ဦးကိုကြီး–ဒေါ်ပေါစိန်တို့က သတင်းစာ ခြောက်လစာ အသီးသီးပေးအပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ၊ ရန်ကုန်မြို့တွင်း လေ့လာရေးခရီးစဉ်များ ပြီးဆုံး၍ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာကြစဉ်။

(သတင်းစဉ်)

➪ ကျောဖုံးမှ

မည်ဖြစ်ကြောင်း သိရှိရသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၁၁/၂)သို့ရောက်ရှိကြပြီး စက်ယန္တရားကြီးများဖြင့် အကျယ်ပေ ၃၀ မြေသားလမ်း တိုးချဲ့ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နဂျပ်ရေလွှဲဆည်

ယင်းနောက် နဂျပ်ရေလွှဲဆည်သို့ရောက်ရှိကြရာ ရေတာရှည်မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထွန်းကျော်က ဆည်နှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ မိကျောင်းအိုင်၊ စီပိုင်း၊ ပိတောက်ကုန်းနှင့်နဂျပ်ကျေးရွာအုပ်စုများ၌ နွေစပါးချောင်းပိတ်မြောင်းပိတ်လုပ်ငန်းဖြင့် ဧက ၁၇၅၀ စိုက်ပျိုးရန်ဆောင်ရွက်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဒေသခံတောင်သူများက ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆည်တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နဂျပ်ရေလွှဲဆည်သည် မြေသားဆည်ဖြစ်ပြီး ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၂၀ အပါအဝင် နိုင်ငံတော်က ငွေကျပ် ၆၅သိန်းအကုန်အကျခံကာ ကျောက်ဖြည့်ဆည်အဖြစ် အမာခံတည်ဆောက်သွားမည်ဖြစ်ရာ ယခုနှစ်မှစ၍ နွေစပါးဧက ၁၂၀၀ကို ရေပေးဝေနိုင်မည့်အပြင် မိုးစပါးအောင်ရေကိုပါ ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာမှ ရေတာရှည်မြို့နယ် သစ်ကြိမ်းကျေးရွာအထိ မြို့နယ်ချင်းဆက်မြေသားလမ်း ဖောက်လုပ်နေမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းတွင် ထန်းတပင်မှ တောင်ဘက်သို့ စစ်တောင်းတံတားအထိ ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းတောက်လျှောက် ရှိနေသော်လည်း ထန်းတပင်မှမြောက်ဘက်သို့ ပျဉ်းမနားနယ်မြေအထိ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတစ်လျှောက်တွင် ကားလမ်းမရှိသဖြင့် အဆိုပါနယ်မြေများ၏ တိုးတက်ဖွံ့ဖြိုးမှုများ နောက်ကျနေရကြောင်း၊ ထို့ကြောင့်အဆိုပါဒေသရှိ ကျေးလက်နေပြည်သူများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဤလမ်းကို ဖောက်ရခြင်းဖြစ်သဖြင့် ဤလမ်းကို မြေသားလမ်းမှရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဆင့် ကားလမ်းဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် ၁၇၌ အကျယ်ပေ ၃၀ လမ်းချဲ့ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထုံးဘိုကြီး-သစ်ကြိမ်းစစ်တောင်းမြစ်အရှေ့ဘက်ခြမ်း မြေသားလမ်းမှာ ၃၃မိုင် ခြောက်ဖာလုံရှိရာ အကျယ် ၁၈ပေတစ်ကြောင်းထိုးလမ်း ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ အကျယ်ပေ ၃၀လမ်းချဲ့ခြင်း ၂၄မိုင် ခြောက်ဖာလုံပြီးစီးနေပြီး အားလုံးပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရေနီ အမှတ်(၂) စက္ကူစက်ရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေနီအမှတ်(၂)စက္ကူစက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးမျိုးမောင်က စက်ရုံ၏ သမိုင်း၊ တည်နေရာ၊ အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ကုန်ချောဖြန့်ဖြူးရောင်းချမှု၊ ကုန်ကြမ်းပစ္စည်းရရှိမှု၊ စီမံကိန်းသစ်များဆောင်ရွက်မှုနှင့် ဝန်ထမ်းအင်အားအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရေနီအမှတ်(၂)စက္ကူစက်ရုံမှ ၂၀၀၄-၂၀၀၅ခုနှစ် ကုန်ထုတ်လုပ်မှုမှာ ဘိလပ်မြေအိတ်စက္ကူ ၃၂၀၂တန်နှင့် သစ်ပျော့ဖတ်တန် ၁၁၉၀ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေနီမြို့ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ အရာရှိစစ်သည် မိသားစုဝင်များနှင့် တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစေမည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြရေးမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆပ်သွားကျေးရွာအနီးရှိ ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းဒါရိုက်တာ ဦးသန်းရှိန်က ရေတာရှည်-ပျဉ်းမနားလမ်းအပိုင်းတွင် လမ်းအူကြောင်း တိုင်းတာခြင်း၊ မျက်နှာပြင်ညှိခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းခင်းခြင်း၊ ကျောက်လွှာတင်ခြင်းနှင့် ကျောက်စုဆောင်းရရှိမှု၊ လုပ်ငန်းသုံးပစ္စည်းရရှိမှု၊ သုံးစွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တိုးချဲ့ပြုပြင်ပြီးစီးသည့်လမ်းပိုင်း ပျက်စီးယိုယွင်းမှုမရှိစေရန် လမ်းကြံ့ခိုင်မှုထိန်းသိမ်းရေးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကုန်းကြီးကျေးရွာအနီး၌ ဆွာချောင်းတမံမှ ဆည်ရေဖြင့် စိုက်ပျိုးထားသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ နွေစပါးစမ်းသပ် စံပြစိုက်ကွက်သို့ ရောက်ရှိကြပြီး စမ်းသပ်ကွက်၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ စိုက်စနစ် စမ်းသပ်ကွက်နှင့် ဒေသခံတို့မှ ဆည်ရေဖြင့် ပတ်ဝန်းကျင်တစ်မျှော်တစ်ခေါ် စိုက်ပျိုးထားသော နွေစပါးစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နွေစပါး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးနှင့် ဆည်ရေ ချောင်းပိတ်မြောင်းပိတ်မှ ရရှိသောရေဖြင့် စိုက်ဧကတိုးချဲ့စိုက်ပျိုးရေးမှာကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

၂၀၀၄-၂၀၀၅ခုနှစ်တွင် နွေစပါးစိုက်ပျိုးမှုမှာ ရေတာရှည်မြို့နယ်၌ လျာထားဧက ၁၅၂၈၀ဖြစ်ပြီး စိုက်ပျိုးပြီးစီးမှု ၁၆၄၄၉ဧကအထိ ကျော်လွန်စိုက်ပျိုးနိုင်ကြောင်းနှင့် ပဲခူးတိုင်းတစ်တိုင်းလုံး၌ လျာထား ဧကသုံးသိန်းဖြစ်ကာ စိုက်ပျိုးပြီးစီးမှုဧက နှစ်သိန်းကျော်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့ကြံလုပ်ငန်း အမှတ်(၆) သကြားစက်(ရေတာရှည်)သို့ ရောက်ရှိကြပြီး နမူနာပြသထားသော မျိုးကောင်းမျိုးသန့် ချက်ကြံများနှင့် စက်ရုံအတွင်း သကြားထုတ်လုပ်မှုတို့ကို လှည့်လည်ကြည့်ရှုကြရာ စက်ရုံမှူး ဦးသောင်းထွန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အမှတ်(၆) သကြားစက်(ရေတာရှည်)၏ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ကြိတ်ဝါးကြံတန်ချိန်မှာ ၉၀၁၅၈တန် ဖြစ်ပြီး သကြားထုတ်လုပ်မှု တန်ချိန်မှာ ၇၃၉၃ ဒသမ ၀၅ တန်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❀ ရာသီသီးနှံမှ

ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်နေကြောင်း၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ အမယ်သစ်သီးနှံများ တိုးတက်မြင့်မားအောင် ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များအား အားပေးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနနှစ်ခု ပူးပေါင်း၍ နိုင်ငံသားများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ဧကတိုးတက်ရေး၊ ဈေးကွက်ဝင်သီးနှံများတိုးတက်စိုက်ပျိုးရေးအတွက် နည်းပညာနှင့် လိုအပ်သည်များ ပံ့ပိုးရေး၊ စိုက်စရိတ်ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးရေးအတွက် မိမိဝန်ကြီးဌာနမှ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည့် ထုတ်ကုန်များကိုလည်း နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင် အခက်အခဲမရှိစေရေးအတွက်ကိုလည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးလျက် ရှိနေကြောင်း၊ ယခုညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသည့် စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်ကြီးများ အနေနှင့် လုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အားပေးကူညီသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဝန်ဆောင်မှုပေးမည်

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ယခင်က မစိုက်ပျိုးခဲ့သည့် မြေယာသစ်များမှ စိုက်ပျိုး ထုတ်လုပ်ထွက်ရှိသည့် သီးနှံများကို ပြည်ပတင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း၊ လက်ရှိအားဖြင့် နိုင်ငံတွင် တည်ဆောက်ပြီး ဆည်အစုအဖွဲ့များ၏ အကျိုးကြောင့် ပေါ်ထွက်လာသော မြေယာများတွင် ကြက်သွန် စိုက်ပျိုးထုတ်လုပ်နေကြကြောင်း၊ နိုင်ငံတော်မှ ပဲမျိုးစုံပို့ကုန်သာမက ယခုအခါ ဧီး၊ ကြက်ဆူ၊ ငရုတ်၊ သရက်၊ ရော်ဘာစသည့် အမျိုးအမည်များစွာ အမယ်သစ် (အမည်သစ်) သီးနှံများစွာ ရှိနေပြီဖြစ်၍ ဈေးကွက်ကို သိရှိနားလည်အောင် စိုက်ပျိုးထုတ်လုပ်သူနှင့် ဝယ်ယူသူများအား မိမိတို့ဝန်ကြီးဌာနက ဆက်စပ်ကူညီ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် သီးနှံအမယ်သစ်များကို ရှင်းလင်းပြောကြားပြီး ပို့ကုန်အရည်အသွေး တန်ဖိုးမြင့်လာအောင် ရိတ်သိမ်းခြွေလှေ့၊ ထုပ်ပိုး၊ သိုလှောင်မှု၊ နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်၊ အဓိကဆောင်ရွက်ရမည့် အပိုင်းများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် မြေယာလုပ်ကိုင်ခွင့်ကိစ္စများကို တင်ပြကြရာ သက်ဆိုင်ရာလုပ်ငန်း၊ ဌာန ညွှန်ကြားရေးမှူးချုပ်များက မြေလွတ်၊ မြေလပ်တည်ရှိမှုနှင့် ဒေသနှင့်ကိုက်ညီသော အကျိုးအရှိဆုံး သီးနှံပုံစံစိုက်ပျိုးနိုင်ရေးအတွက် ဝန်ကြီးဌာနနှစ်ခု ပူးပေါင်း၍ ကွင်းဆင်းကူညီ ဆောင်ရွက်ပေးရန် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ရွှေဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

▲ ဗီဇခတ်ငွေ့သုံးမှ

ရေးအသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၁၈၀၀ကျော် တက်ရောက်ကြသည်။

ရွှေဦးစွာ ပင်လယ်ကျေးရွာ ဗီဇခတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးကျင်ခဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက စက်ခလုတ်နှိပ်၍ မီးဖွင့်ပေးလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးနိုင်ဦးက ဗီဇခတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖ တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါဗီဇခတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူလူထု၏ စုပေါင်းထည့်ဝင်ငွေကျပ် ၂၅သိန်း စုစုပေါင်းငွေကျပ် ၃၅သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်အား တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Kyung-Woo သည် ယနေ့ နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဟန်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ အကပဒေသာ
၈:၂၀ ၇။ ထပ်ဆင့်အောင်ပွဲ ဧရာဝတီတံတား(ဒေးဒရဲ)
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချိုတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ မြန်မာစာ၊မြန်မာစကား
၅:၄၅ ၈။ **"အလံလေးတော့ကိုင်ပြပါ" (ဖွဲ့နိုင်ဝင်း၊ရတနာခင်) [ဒါရိုက်တာ-မင်းအုပ်စိုး]**
၆:၀၀ ၉။ တေးဂီတအစီအစဉ်
၆:၁၀၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၂၀ ၁၁။ ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို မဆန့်ကျင်သင့်
၆:၃၀၁၂။ ညနေခင်းသတင်း
၇:၀၀၁၃။ မိုးလေဝသအခြေအနေ
၇:၀၅၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ"(အပိုင်း-၇)**
၇:၃၅ ၁၅။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအလှပဒေသာ
၇:၄၅၁၆။ အမျိုးသားညီလာခံဂုဏ်ပြုတေး
၈:၀၀၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ချစ် ချစ်တဲ့ကိုကို" (အပိုင်း-၁) (လွှင်မိုး၊သုမောင်၊ ထက်ထက်မိုးဦး) [ဒါရိုက်တာ-ကြီးမြင့်]**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ(Myanmar Open 2005) ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉၉၆ခုနှစ်မှစ၍ ကျင်းပနိုင်ခဲ့သည့်နည်းတူ ယခုဒသမအကြိမ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အိမ်ရှင်နိုင်ငံ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် Myanmar Open 2005 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သြစတြေးလျ၊ ထိုင်း၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်တိုင်ပေ၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဂျပန်၊ အင်္ဂလန်၊ ဟောင်ကောင်၊ စကော့တလန်၊ စင်ကာပူ၊ ကနေဒါ၊ တရုတ်၊ ဂျာမနီ၊ ဟော်လန်၊ အင်ဒိုနီးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ တောင်အမေရိက၊ သီရိလင်္ကာ၊ ဆွီဒင်၊ ဗင်နီဇွဲလား၊ မြန်မာနိုင်ငံမှ Professional Golfers ၂၈ဦး စုစုပေါင်း ၁၄၉ဦး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၀၅ခုနှစ် Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Octagon and Han Event Management တို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ရက်က ကျောင်းခန်းမ၌ကျင်းပရာ စတုတ္ထတန်း ဘက်စုံထူးချွန်ပထမဆုရ မောင်ဇင်မင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီ ဂုဏ်ပြုဆုချီးမြှင့်စဉ်၊ (၃၂)

စစ်ကိုင်းတိုင်းဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး ထီးချိုင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်း ဖွင့်ပွဲအခမ်းအနားတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် တိုင်း၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ကသာခရိုင်၊ ထီးချိုင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်း ကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်အဖွဲ့ဝင် ဒေါ်ချိုချိုကွန့်က နေ့ကလေးထိန်းကျောင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်က နေ့ကလေးထိန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရန်ပုံငွေအတွက် ငွေကျပ် တစ်သိန်းကို အမှုဆောင်အဖွဲ့ဝင် ဒေါ်မြင့်အေးသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက်တိုင်းမှူးနှင့်ဇနီး၊တာဝန်ရှိသူများသည် နေ့ကလေးထိန်းကျောင်းရှိကလေးငယ်များအားလည်း လက်ဆောင်ပစ္စည်းများပေးအပ်ပြီး တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က ကလေးငယ်များ အာဟာရတိုက်ကျွေးရန်အတွက် ငွေကျပ် ၁၀၀၀၀ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် နေ့ကလေးထိန်းကျောင်းကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါနေ့ကလေးထိန်းကျောင်းသည် ထီးချိုင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစီအစဉ်ဖြင့် ငွေကျပ် ၁၆သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျောင်းတွင် ဆရာမ တစ်ဦးရှိ၍ ကလေးငယ် ၃၀ဦး တက်ရောက်လျက်ရှိသည်။ (သတင်းစဉ်)



ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(ဆက်သွယ်ရေး)

ဆက်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှထွက်ခွာရာ ပဲခူးမြို့သို့ရောက်ရှိ၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ရွှေဝါထွန်းဟိုတယ်ကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးက ဈေးကွက်မြင့်တင်ရေးအတွက် ဆောင်ရွက်ရမည့် အစီအမံများကို မှာကြားပြီး ဟိုတယ်လုပ်ငန်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ ယင်းမှဆက်လက်ထွက်ခွာ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမ မိုင်တိုင်(၂၂၂)အနီးတွင် တည်ဆောက်လျက်ရှိသော အဆင့်မြင့် ယာဉ်ရပ်နားစခန်းကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၄ရက်တွင် တောင်တွင်းကြီးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအော်တိုတယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ဝန်ကြီးသည် မဟာအောင်မြင်ဇေယျ ရခိုင်ဘုရားကြီးပြုပြင်မွမ်းမံ တည်ဆောက်မှုလုပ်ငန်းကိုသွားရောက်ကြည့်ရှုပြီး လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မကွေးမြို့သို့ရောက်ရှိ၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တို တယ်လီဖုန်းအိတ်ချိန်းကို ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး မှာကြားသည်။

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ဝန်ကြီးသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေး-ပြည် လမ်းအပိုင်းတွင် အသစ်ဖောက်လုပ်ပြီးစီးသော မူလလမ်းထက် ၂၆မိုင် ၂ဖာလုံ သက်သာသည့် သစ်ရာကောက်-ကိုးပင် တိုက်ရိုက်ဖောက်လုပ်သည့် လမ်းအသစ်အပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်-မကွေးလမ်းမ မိုင်တိုင်(၂၅၂)၌ ဆုံစည်းရာ ခရီးသွားလုပ်ငန်းကုမ္ပဏီမှ တည်ဆောက် ပြီးစီးသော ကိုးပင်အဆင့်မြင့် ယာဉ်ရပ်နားစခန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ယာဉ်ရပ်နားစခန်းအဆင့်အတန်းမြင့်မားစေရေးအတွက်ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက်ဝန်ကြီးသည်ဆက်လက်ထွက်ခွာပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့်အတူ ပေါင်းတည်မြို့၊ နတ်တလင်းမြို့၊ ဇီးကုန်းမြို့၊ ကြို့ပင်ကောက်မြို့၊ သာယာဝတီမြို့တို့ရှိ ဆက်သွယ်ရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးကာ အဆင့်မြင့်တင်နိုင်ရေးဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရောဂဏ်စာသင်တိုက် ဝိဇာတမင်္ဂလာနှင့် စာတော်ပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက်ရှိ ရောဂဏ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၃)ဝါရှိ ဆရာတော်ဘဒ္ဒန္တဉာဏိကာလင်္ကာရ၏ ဝိဇာတမင်္ဂလာနှင့် ရောဂဏ် ပရိယတ္တိစာသင်တိုက်၏ (၂၅)ကြိမ်မြောက် ပရိယတ္တိစာတော်ပြန်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်မှ ၂၁ရက်အထိ အဆိုပါ စာသင်တိုက်၌ ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နောက်ဆုံးနေ့အဖြစ် ပြသထားရာ ရဟန်းရှင်လူ ပြည်သူများ၊ ဆရာဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများလာရောက် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ နောက်ဆုံးနေ့အဖြစ် ဆက်လက်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်း ပြသရေးဆပ်ကော်မတီက ကြီးမှူးပြသသည့် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း၃၂၀၀ကျော် လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ဗဟိုပြကွက်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဓာတ်ပုံနှင့်အတူ "ပြည်ထောင်စုစိတ်ဓာတ်"နှင့် ပတ်သက်၍မိန့်မှာချက် မှတ်တမ်းကို ပြသထားသည်။

ထို့အတူ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းပြခန်းတွင်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်၊ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံများ စသည်တို့ကိုကဏ္ဍအလိုက် ခင်းကျင်း ပြသထားသည်။

ထို့ပြင် ကွန်ပျူတာတက္ကသိုလ်နှင့် Soft Guide Computer Co.တို့ ပူးပေါင်းစီစဉ်ပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်နှင့် Audio Language Labစနစ်ဖြင့် ဆရာနှင့် ကျောင်းသား အင်္ဂလိပ်ဘာသာ အမေးအဖြေ ဖြေဆိုယှဉ်ပြိုင်မှုကို ကျင်းပပေးလျက်ရှိရာ ယနေ့ပြိုင်ပွဲတွင် ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်းက ပထမဆုရရှိသွားသည်။ (သတင်းစဉ်)

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က ဗဟန်းမြို့နယ်ကြားတောရလမ်းရှိမှန်ကျောင်း ရွှေနှင်းဆီ မေ့ဗီမာန်တော် မေ့သုခကျောင်းတိုက်၌ ကျင်းပရာ အသင်းနာယက ဦးမင်းအောင်က တက္ကသိုလ်ဝင်စာမေးပွဲတွင်ငါးဘာသာဂုဏ်ထူးရှင် မဝင့်ဖူးငုံအား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (က-ပ)

အထက(၁)ဗဟန်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက (၁)ဗဟန်းတွင် ၁၉၉၂ မှ ၂၀၀၄ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နေ့လယ် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၊ မိုးဦးပန်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ကိုသက်နိုင်ဦး (ဖုန်း)-၃၇၅၄၉၁၊ ကိုကျော်ဇေယျ ဖုန်း-၀၉၈၀-၃၀၅၄၃၊ ကိုရိုရှမ်း ဖုန်း-၇၂၇၃၅၂၊ ကိုတေဇာလင်း ဖုန်း-၅၅၉၄၉၁၊ ကိုနေလင်းထွေး ဖုန်း-၀၉-၅၁၀၂၄၂၁နှင့် မဆုလင်းဦး ဖုန်း-၅၅၉၅၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီး၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို မတ်၁၃ရက်မှ ဧပြီ၁၀ရက်အထိ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီးတွင် သင်ကြားပို့ချမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွှေတောင်ကုန်းသာသနာ့ရိပ်သာကြီးသို့ ဖေဖော်ဝါရီ ၂၇ရက်တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းသားဦးရေ ကန့်သတ်ထားသဖြင့် သင်တန်းဝင်ခွင့် လျှောက်လွှာများ တင်သွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ ဖျာပုံတံတား၏ ပင်မတံတားအပိုင်းသံပေါင်စတင်တပ်ဆင်နေသည်ကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆောက်လုပ်ရေး)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဖျာပုံတံတား သံပေါင်တင် မင်္ဂလာအခမ်းအနားတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်း ဖျာပုံဘက်ကမ်း၌ပြုလုပ်သော သံပေါင်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားအစီအစဉ်အရ မင်္ဂလာအချိန် နံနက် ၇နာရီ မိနစ် ၂၀တွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖျာပုံဘက်ကမ်းတံတားပင်မတိုင် P_1၌ သံပေါင်ကို စတင်တပ်ဆင်ပေးကြပြီး ပရိတ်ရေ၊ အမွှေးနံ့သာများဖြင့် သံပေါင်ကို ပက်ဖျန်းပေးကြသည်။ ထိုအချိန်၌ မြစ်အတွင်း မော်တော်ပေါ်မှ သံဃာတော်များက ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော အောင်ဂါထာတော်များကို အန္တရာယ်ကင်းစေရန် ရွတ်ဆိုပေးသည်။

စီမံဖြည့်ဆည်း

ထို့နောက် ဖျာပုံတံတားရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားလုပ်ငန်းများပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က တံတားလုပ်ငန်းများ ဆောလျင်စွာ ပြီးစီးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးသည်။

ဖျာပုံတံတားတည်ဆောက်ရေးလုပ်ငန်းမှာ ပင်မတံတားနှင့် ပတ်သက်သော ဘိုးပိုင်နှင့် အပေါ်ထည် လုပ်ငန်းများပြီးစီး၍ ပင်မတံတားသံပေါင်တပ်ဆင်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

ဖျာပုံတံတား၏ ဒေးဒရဲဘက်ကမ်း ချဉ်းကပ်တံတားမှာ အရှည်ပေ ၁၂၃၀၊ ဖျာပုံဘက်ကမ်းချဉ်းကပ် တံတားမှာ ပေ၃၃၃၀ရှိပြီး စုစုပေါင်း ၃၉၃၂၃သမ႗ပေ ရှည်မည့် တံတားဖြစ်သည်။ ယခုအခါ ဖျာပုံတံတား တည်ဆောက်ရေးလုပ်ငန်းများ ၃၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မအူပင်–ကျိုက်လတ်–ဖျာပုံလမ်းအတိုင်း ဆက်လက် ထွက်ခွာလာခဲ့ပြီး ရန်ကုန်–ပုသိမ်လမ်း တာကွေ့–ကဇုန်းအပိုင်း မိုင်တိုင် ၃၂/၇–၃၃/၀ အတွင်း လမ်းအထူးအဖွဲ့(၁၆)က လမ်းသားပြန်လည်ပြုပြင်၍ ကွန်ကရစ်ကတ္တရာ ခင်းကြိတ်နေမှုများနှင့် ကွန်ကရစ်ကတ္တရာ ဖျော်စက် လည်ပတ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးရဲထွန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်ဝန်ကြီးက လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

လယ်တီစံရိပ်သာ ၁၀ရက်တရားစခန်း ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပုဇွန်တောင်မြို့နယ်မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် လစဉ် ၂၁ရက်မှ ၃၀ရက်အထိ ၁၀ရက်တိုင် အချိန်ပြည့် တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ကမ္ဘာ့သာသနာပြု အဂ္ဂမဟာပဏ္ဍိတ ကျေးရှုးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မဟာစည် သာသနာ့ရိပ်သာ ဆရာတော်များက ဟောကြားပြသမည်ဖြစ်၍ တရား အားထုတ်လိုသူများသည် ၂၀ရက်ညနေ ၄နာရီအရောက် ကြွရောက်ရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုကြသော အလှူရှင်များသည် လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ရိပ်သာဖုန်း–၂၀၁၆၃၄ သို့ဖြစ်စေ ဆက်သွယ် လှူဒါန်းနိုင်သည်။ (၂၃)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) ပတ္တမြားခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကကြီးများဖြစ်ကြသော ဒေါ်ခင်သန်းနွဲ့၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အမှုဆောင်များ၊ အဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ချုပ်၏ ပဋိညာဉ်နှင့် ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံတကာ ပြိုင်ပွဲများတွင် အမျိုးသမီး အားကစားသမားများ နိုင်ငံ့ဂုဏ်ဆောင်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း အမိန့်စာကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးအား ပေးအပ်သည်။

ယင်းနောက် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အဖွဲ့ချုပ်၏ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြားစဉ်။ (အား/က)

သရက်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မျက်စိ(အတွင်းတိမ်)ရောဂါ အခမဲ့ကုသ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး၊ ပါမောက္ခ၊ ဌာနမှူး၊ ကထိကနှင့် လက်ထောက်ကထိကများ ပူးပေါင်း၍ မျက်စိဝေဒနာ(အတွင်းတိမ်)များ အခမဲ့ခွဲစိတ်ကုသပေးမှုကို ဇန်နဝါရီ ၂၆ရက်မှစတင်၍ မျက်စိဝေဒနာရှင် ၁၀၀ ကို သရက်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကုသပေးလျက်ရှိသည်။

မျက်စိခွဲစိတ်ကုသစဉ်ကာလအတွင်း စမ်းသပ်ခ၊ ခွဲစိတ်ခ၊ မျက်စဉ်းစသည်တို့ကို သရက်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့မိမြို့ဖများက ကူညီပံ့ပိုးပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)



အိမ်မဲမြို့နယ်အသင်း (ရန်ကုန်) ပထမအကြိမ် သက်ကြီးပူဇော်ပွဲ၊ ပညာရေး ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ဆုချီးမြှင့်ပွဲနှင့် အသင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဆရာဝန်များအသင်းခန်းမ၌ ကျင်းပရာ အသင်းနာယက ဒေါ်ခင်ညွန့်က ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် မတည်ငွေကျပ်သိန်း ၃၀ ကို အသင်းဥက္ကဋ္ဌ ဦးအောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ သီလဝါဆိပ်ကမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဆိပ်ကမ်းကုန်တင်၊ ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့် ဆောင်ရွက်နိုင်ရေး ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် ယမန်နေ့မွန်းလွဲပိုင်းတွင် သန်လျင်သီလဝါဒေသရှိ သီလဝါဆိပ်ကမ်း အမှတ်(၄)သို့ ရောက်ရှိရာ ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး MIPL ဆိပ်ကမ်းတွင် ပြည်ပမှတင်သွင်းရောက်ရှိလာသော ကတ္တရာပုံးများ သင်္ဘောပေါ်မှ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆိပ်ကမ်းတွင် ရောက်ရှိပြီးနေသော ကတ္တရာပုံးများ၊ ကုန်သေတ္တာများ ထားရှိမှုကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထို့မှ တစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါ (MITT) ရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ အုပ်ချုပ်မှုမန်နေဂျာ ဦးမြင့်သောင်းက ဆိပ်ကမ်း ကုန်တင်၊ ကုန်ချအခြေအနေကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ၌ သင်္ဘောပေါ်သို့ ကုန်သေတ္တာများ၊ သစ်များ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ကမ်းအတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း (သီလဝါ)ကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကုန်သေတ္တာ သိုလှောင်ရုံနှင့် ကုန်ပစ္စည်း စစ်ဆေးရေးစခန်းတွင် ကုန်သေတ္တာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။ (သတင်းစဉ်)

မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မဟာဝိဇယ စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနီယ ပွဲတော်ကို တပို့တွဲလဆန်း ၁၄ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းတွင် စေတီတော်မြတ်ကြီးအား ပန်းမျိုးစုံဖြင့် ပူဇော်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ရက် နံနက် ၅နာရီတွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပူဇော်ပြီး ဖေဖော်ဝါရီ ၂၄ရက် နံနက် ၅နာရီတွင် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီး များနှင့် စေတီတော်ကြီး၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၂ရက်မှ ၂၄ရက်အထိ ညစဉ် စေတီတော်ကြီးကို သုံးညတိုင်တိုင် ဆီမီး ၅၀၀၀ ထွန်းညှိ၍ ပူဇော်မည်ဖြစ်သည်။

ဓမ္မပူဇာအနေဖြင့် ဖေဖော်ဝါရီ ၂၂ရက်မှ ဖေဖော်ဝါရီ ၂၄ရက်အထိ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇နာရီမှစ၍ ဟောကြားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၆နာရီမှ ညနေ ၆နာရီ ထိ ဝတ်အသင်း ၁၉ သင်းတို့က ပရိတ်တရားတော်များနှင့် ဗုဒ္ဓဒေသနာတော်များကို သုံးရက်ဆက်တိုက် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ရက် ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်များ ဦးဆောင်သည့် သံဃာတော် ၄၅ပါး တို့အား စေတီတော်ကြီးရင်ပြင်တော်၌ ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် ညနေ ၄နာရီတွင် ကျင်းပပြီး ထမနဲထိုးပြိုင်ပွဲကို ဆက်လက်ကျင်းပမည် ဖြစ်သည်။ ထမနဲထိုးပြိုင်ပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တို့မှ မြို့နယ်များ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲနေကြသော မော်တော်ယာဉ်လိုင်းများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ ပြိုင်ပွဲဝင် အသင်း ၃၆သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (သတင်းစဉ်)

တတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး ဆရာဝန်တင်ရွှေ စာပေဆုရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဗဟိုအမှုဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာပေဆုရွေးချယ်ချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က တတိယအကြိမ် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲတွင် “ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ” စာအုပ်ဖြင့် ဆုရရှိသူ ဆရာမ ဒေါ်ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ “သက်ရှည်ကျန်းမာ မြန်မာ့အစာ” စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမြင့်မြင့်ခင်၊ “Myanmar’s Attractions and Delights”စာအုပ်ဖြင့် ဆုရရှိသူ ဆရာကြီး ဦးဘသန်း(မဟာဝိဇ္ဇာ) တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာကြီး ဦးသော်ကောင်းအား မေတ္တာလက်ဆောင်နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် ရန်ပုံငွေကို ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)အား ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ အမှတ်(၄)ရပ်ကွက်စည်ပင်နှင့်ပြည်သူ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး သုဝဏ္ဏလမ်း အပိုင်း(၂) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးခင်မောင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းဖော်ပြပြီး)
(နယ်စပ်စည်ပင်)

ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ် သာသနာအခြေခံပညာမူလတန်းကျောင်းနှင့် ကျိုက္ကော်-အင်းထိပ် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၁၂ရက် နံနက်ကကျင်းပပြီး ကျောင်းဆောင်သစ်များလွှဲပြောင်းပေးအပ်ပွဲကို ကျိုက္ကော်အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ အလှူရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးအေးလွင်က အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ)သို့ ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်း ပေးအပ်သည်။ **(ဝဲပုံ)**
(က-ပ)

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သည့် နည်းပညာကောလိပ် ရေပေးရေးလုပ်ငန်းအတွက် ရေတိုင်ကီတင်ခြင်းလုပ်ငန်းအား ဖေဖော်ဝါရီ ၉ ရက်က စက်ယန္တရားများဖြင့် ဆောင်ရွက်စဉ်။ (နယ်စပ်စည်ပင်)

အနေးယာဉ်စီးနင်းသူများလိုက်နာရန်

ရန်ကုန်မြို့တော်အတွင်း စည်းကမ်းမဲ့အနေးယာဉ်များကြောင့် ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ အနေးယာဉ်များ (ဆိုက္ကား၊ စက်ဘီး၊ ဂါလီနှင့် လက်တွန်းလှည်းအမျိုးမျိုး)အနေဖြင့် အောက်ပါ စည်းကမ်းချက်များအား လိုက်နာကြရန်နှင့် လိုက်နာမှုမရှိပါက ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(၁) ကန့်သတ်တားမြစ်ထားသော မဝင်ရလမ်းများတွင် စီးနင်းခြင်း မပြုရ။
(၂) လမ်းပြောင်းပြန်စီးနင်းခြင်းမပြုရ။
(၃) လမ်းလယ်မှ စီးနင်းခြင်းမပြုရ။
(၄) ညအချိန်ရောင်ပြန်မပါဘဲ စီးနင်းခြင်းမပြုရ။
(၅) သတ်မှတ်ပေးထားသည့် ဝန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သာကေတမြို့နယ် အမက (၂၃) ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်က ကျင်းပရာ စတုတ္ထတန်းမှ ဘက်စုံ ထူးချွန်ဆုရရှိသူ မသရဖီအား မြို့ နယ် ပညာ ရေး မှူး ဆရာကြီး ဦးအေးကြိုင် ဆုချီးမြှင့်စဉ်။
(က-ပ)

မဟာသုဗောဓာရုံဆရာတော် ပူဇော်ပွဲ ကျင်းပ

စစ်ကိုင်း ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တနာရဒ မဟာထေရ်၏ သက်တော်(၈၀)၊ ဝါတော်(၆၀)ပြည့် အဖြစ် ၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၈ ရက် (ဖေဖော်ဝါရီ ၁၆ ရက်)တွင် မဟာသုဗောဓာရုံ ကျောင်းတိုက်၌ ပူဇော်ပွဲကျင်းပရာ တပည့် သံဃာတော်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက် ပူဇော်ကြသည်။ **(က-ပ)**

ပြည်မြို့နယ် တဲကြီးကုန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ခရိုင်ပြန်/ဆက်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဉာဏ်မွေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးကံအေးတို့ ဖေဖော်ဝါရီ ၂ရက်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

မြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ် ပြုပြင်

လဲချား ဖေဖော်ဝါရီ ၁၀

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရန် စီမံချက်ဖြင့် မြို့တွင်းရှိ မြေသားလမ်းဖြစ်သည့် အနော်ရထာလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ကျောက်စုဆောင်းထားရှိမှုနှင့် လမ်းခင်းမှုလုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်ဝေတို့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းသည် အရှည်ပေ ၁၈၀၀ ရှိပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှု ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ဖေဖော်ဝါရီ ၁ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုး စေတီတော်မြတ်အနီးသို့ ပြေးဆွဲလျက်ရှိသည့် တောင်တက်မော်တော်ယာဉ် အသင်းဥက္ကဋ္ဌဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးသွားသော ဟီးနိုးအသင်းအား မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင် ဒိုင်းဆုချီးမြှင့်စဉ်။ (၃၅၄)

ရမည်းသင်းမြို့ မြကျွန်းသာလမ်း ဖွင့်လှစ်

ရမည်းသင်း ဖေဖော်ဝါရီ ၈

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အား ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် မြို့မအုပ်စု အုန်းပင်ရပ်မြကျွန်းသာ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါလမ်း မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အတွင်းရေးမှူး ဗိုလ်မှူးမြင့်အောင်၊ ရဲကျောင်းအုပ် ဒုတိယရဲမှူးကြီးမျိုးသန်းနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၁၁၅)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဖားကန့်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် မော်ဝမ်းရပ်ကွက် အမှတ်(၂) လမ်းမကြီးတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မော်ဝမ်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမင်းဟန်(ဒုတိယညွှန်ကြားရေးမှူး)နှင့် ဦးဝင်းတင့် ဒုဦးစီးမှူး(သန့်ရှင်းရေး)တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့ရေပေးရေးဆောင်ရွက်

အရာတော် ဖေဖော်ဝါရီ ၁၀

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေပေးဝေရေးလုပ်ငန်းအဖြစ် စက်ရေတွင်းတူးဖော်၍ ကံပေါ်ရေပေးဝေရေးစခန်း ရေစက်ရုံအမှတ်(၂) တည်ဆောက်ကာ ရေပေးဝေခဲ့သည့် အဆိုပါစက်ရေတွင်းမှာ အနက်ပေ ၃၈၀ ရှိပြီး တစ်နာရီလျှင် ရေဂါလံ ၆၀၀၀ ထွက်ရှိသည်။

ထို့အပြင် လမ်းလုပ်ငန်းများဖြစ်သည့် နှင်းဆီလမ်းနှင့် ခတ္တာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(နယ်စပ်စည်ပင်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု ကျေးရွာချင်းဆက်လမ်းနှင့် တံတားဖွင့်ပွဲ ကျင်းပ

ပိန်းဇလုပ် ဖေဖော်ဝါရီ ၁၀

(၅၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပိန်းဇလုပ်ဈေးအရှေ့ ကတ္တရာလမ်းနှင့် အုန်းနဲ့သာ သစ်သားတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီတွင် အဆိုပါ လမ်းတံတား မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးရင်စိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိမ်းဌွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးမင်းလွင်စိုးတို့က ပိန်းဇလုပ်ဈေးအရှေ့ ကတ္တရာလမ်းသစ်နှင့် အုန်းနဲ့သာတံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းလမ်းနှင့် တံတားသည် အလျားပေ ၉၀၀၊ အကျယ် ၁၂ ပေရှိ ညောင်လေးပင်နှင့် ကျောက်တံခါးမြို့နယ် ကျေးရွာချင်းဆက်သွယ်သော လမ်းနှင့် တံတားဖြစ်ပြီး ညောင်လေးပင်မြို့နယ်ရှိ ပိန်းဇလုပ်၊ ရွာမ၊ ကံကလေး၊ ရေတွင်းကုန်း၊ အင်းပိရိ၊ ဒလဆိပ် ကျေးရွာများ၊ ကျောက်တံခါးမြို့နယ်ရှိ ကညင်ကျိုး၊ ဒိုးတန်း၊ သမင်အင်းကုန်းနှင့် တောင်ခင်ကျေးရွာများသို့ ဆက်သွယ် သွားလာနိုင်ပြီဖြစ်သည်။ **(၄၅၂)**

ပန်ဆောင်စည်ပင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ပန်ဆောင် ဖေဖော်ဝါရီ ၁၀

ပန်ဆောင်မြို့ စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဒီဇင်ဘာ ၁၉ ရက်က သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြသည်။

ကြီးကြပ်ဆောင်ရွက်

သန့်ရှင်းရေးဆောင်ရွက်ရာသို့ စည်ပင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများစုပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ ရေဆိုးမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ကြရာ တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်သည်။ **(နယ်စပ်စည်ပင်)**

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ကျိုက်လတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ဖေဖော်ဝါရီ ၁၂ ရက်က ရွှေရာအောင်ခန်းမတွင် ကျင်းပရာ မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြပွဲတွင် ပထမဆုရရှိသူ မလဲ့မွန်ထွေးအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီ ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

သုတ/ရသမဂ္ဂဇင်းစာအုပ်မျိုးစုံလှူဒါန်း

ရေတာရှည် ဖေဖော်ဝါရီ ၁၀

ရေတာရှည်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အ-ထ-က စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းလမ်းနေ ရေတာရှည်မြို့နယ် အသင်း နာယက ဒုတိယဗိုလ်မှူးကြီး လှမောင်(ငြိမ်း)နှင့်ဇနီး ဒေါ်မာမာလှ မိသားစုက သုတ/ရသ မဂ္ဂဇင်းစာအုပ်မျိုးစုံ ၄၀၀ ကို ဇန်နဝါရီ ၉ ရက် နံနက်က ရေတာရှည် အ-ထ-က အောင်ဆန်းခန်းမတွင် ကျင်းပသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒွါဒသမ အကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားတွင် ပေးအပ်လှူဒါန်းသည်။

လက်ခံရယူ

အခမ်းအနားတွင် ပြန်/ဆက်ဦးစီးဌာနအတွက် စာအုပ်မျိုးစုံ ၂၀၀ ကို မြို့နယ် ပြန်/ဆက်ဒုဦးစီးမှူး ဒေါ်သန်းသန်းနှင်းက လက်ခံရယူပြီး ရေတာရှည် အ-ထ-က အတွက် စာအုပ် မျိုးစုံ ၂၀၀ ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြူက လက်ခံရယူသည်။ (၁၄၁)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ငူ-ရေတာရှည်မြို့နယ်ချင်းဆက် မြေသားလမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း တောင်ငူမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီတွင် မော်တော်ယာဉ်များဖြင့် တောင်ငူမြို့နယ် ထုံးဘိုကြီးကျေးရွာသို့ရောက်ရှိကြပြီး ထုံးဘိုကြီး-သစ်ကြိမ်းလမ်းအတိုင်း ထွက်ခွာ၍ ကရင်ချောင်းရေလွှဲဆည်သို့ရောက်ရှိကြကာ ဆည်မှရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကရင်ချောင်းရေလွှဲဆည်၏ ရေဆင်းဧရိယာမှာ ၃၄စတုရန်းမိုင်ဖြစ်ပြီး ကျောက်ဖြည့်ရေလွှဲဆည်ဖြစ်ကာ အမြင့် ခုနစ်ပေ၊ အကျယ်ပေ ၂၅၀ရှိပြီး နွေစပါးဧက ၁၂၀၀စိုက်ပျိုးနိုင် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨**

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တောင်ငူ-ရေတာရှည် မြို့နယ်ချင်းဆက် မြေသားလမ်း ဖောက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဂျာသီးနှံ စက်မှုကုန်ကြမ်းသီးနှံ အမယ်သစ်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ငံတကာဈေးကွက်တင်ပို့နိုင်ရေး လုပ်ငန်းရှင်များအား ကူညီနေ မြေယာသစ်များမှ စိုက်ပျိုးထွက်ရှိသည့်သီးနှံများကို ပြည်ပတင်ပို့ခွင့်ပြုမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

လယ်ယာထွက်ကုန်သီးနှံများ တိုးတက်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများ၊ မြေယာလုပ်ကိုင်ခွင့်ရယူထားသည့် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများအား ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေမည့် အခြေခံကောင်းများလည်းရှိကြောင်း၊ မိမိဝန်ကြီးဌာနအနေနှင့် ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံစွာ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❁



လယ်ယာထွက်ကုန်သီးနှံများ တိုးတက်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး အမှာစကားပြောကြားစဉ်။
(လယ်ယာ/ဆည်မြောင်း)

ဗီဝခါတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ မြင်းခြံမြို့နယ်၌ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြင်းခြံမြို့နယ်ပင်လယ်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် ညနေ ၇နာရီခွဲတွင် အဆိုပါ စက်ရုံမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး **စာမျက်နှာ ၉ ကော်လံ ၃ သို့ ▲**